ဗာဟုသစ္စဥ္စ တော် မင်္ဂလ မုတ္တမံ၊ အကြားအမြင်များခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၅)

ယနေ့ထုတ် စောင်ရေ ၂၀၂၂၅၆

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ကြီးမှူးကျင်းပ အသက်(၁၄)နှစ်နှင့်အောက်အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူးတက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၂

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ [ITF 14 & Under ASIAN Championships 2004 Zone (2)] ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM)ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)၊ အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mangalar Co., Ltd.) နှင့် အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးတင်စောနိုင်(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

ကွင်းအတွင်းနေရာယူ

ရှေ့ဦးစွာ ပြိုင်ပွဲဝင်နိုင်ငံများ ဖြစ်ကြသော မြန်မာ၊ မလေးရှား၊ နီပေါ၊ ဘူတန်၊ မော်လဒိုက်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ လာအို၊ မွန်ဂိုလီးယား ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)က ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမှတ်တရပန်းစည်းပေး

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန *စာမျက်နှာ ၈ ကော်လံ ၁* ●

အမှာစကား

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော်အစွန့်ရှည်တည်တံ့ရေး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး တက်တက်ကြွကြွပါဝင်ဆောင်ရွက်

၂၀၀၃ခုနှစ် ဩဂုတ်လ၃၀ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက် အဆင့်ခုနစ်ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိကျစွာ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သည်။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ယူခဲ့ချိန်မှစ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒသုံးရပ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေး ရည်မှန်းချက်ထားပြီး ဦးတည်ချက်၁၂ရပ် ချမှတ်၍ နေ့မအားညမနား ကြိုးပမ်းတည်ဆောက်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဇန်နဝါရီလ ၉ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌–

"နိုင်ငံတော်၌ အရေးကြီးဆုံးအရာမှာ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိလျှင်၊ လုံခြုံမှုမရှိလျှင်၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် မည်သည်ကိုမျှ လုပ်မရဘူးဆိုသည်ကို ပြည်တွင်းစစ်ကို ကြုံတွေ့ခဲ့ကြရသည့် ဒေသခံပြည်သူများ အသိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် လက်နက်စွဲကိုင် တိုက်ခိုက်နေကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် စေ့စပ်ဆွေးနွေးပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယနေ့ဆိုလျှင် တောတွင်းလက်နက်ကိုင်အဖွဲ့၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီဖြစ်၍ နိုင်ငံတော်၏ အခြေအနေသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရှိနေသည်ကို အားလုံးသိရှိ ခံစားနေကြရပြီဖြစ်ကြောင်း" ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး အေးချမ်းလုံခြုံမှုရှိလာသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စီးပွားရေးကဏ္ဍများမှ အမြတ်အစွန်းများကို စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး တစ်နိုင်ငံလုံးတွင် စက်မှုဇုန်၁၈ဇုန် ထူထောင်၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းကြီးသုံးခုကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအပြင် အတွင်းပိုင်း၌လည်း တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက် ရေးအတွက် အထူးဒေသကြီး၂၄ခုသတ်မှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဆက်သွယ်ရေးတို့ ဖွံ့ဖြိုးတိုးတက်စေရန် တက္ကသိုလ်များ၊ ကွန်ပျူတာကောလိပ်များ၊ နည်းပညာကောလိပ်များ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ၊ သူနာပြုသင်တန်းကျောင်းများ၊ ဆက်သွယ်ရေးအတွက် ကြေးနန်းရုံး၊ စာတိုက်၊ တယ်လီဖုန်းဆက်သွယ်မှုများကို ငွေကြေးများစွာ အကုန်အကျခံပြီး တည်ဆောက်ဖွင့်လှစ်ပေးနေသည်။

မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးအဖြစ် ကျန်ရစ်ခဲ့သည့် မူးယစ်ဆေးဝါးပြဿနာသည် ယနေ့အထိ နယ်စပ်ဒေသများတွင် အမြစ်တွယ်ရှင်သန်ပြီး ကျန်ရှိနေသေးသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေးကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူများသည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အချိန်ရောက်ရှိလာပြီ ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး အတွက်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇန်နဝါရီ ၅ ရက်က သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သူရအောင်ကို လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသော ဦးကျော်သိန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒေါက်တာမတင်ဝင်း၏ စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၂

ဒေါက်တာမတင်ဝင်း(ပညာရေး တက္ကသိုလ်)ရေးသားသော 'အာရှနိုင်ငံများကို ဖဲ့ယူသိမ်းယူခဲ့ကြသည့် နယ်ချဲ့များ'စာအုပ်ကို ပါရမီစာပေ အမှတ် ၂၃၀ ၂၉လမ်း ရန်ကုန် ဖုန်း– ၂၅၃၂၄၆ က ထုတ်ဝေထားသည်။ ကမ္ဘာ့ နယ်ပယ် အသီးသီးသို့ နယ်ချဲ့များ ရောက်ခဲ့သည့် အကြောင်းရင်း၊ ဖြစ်ပေါ်ခဲ့သော အကျိုးဆက်များ၊ ကိုလိုနီ နိုင်ငံများ မည်သို့သော ရင်းစားများ ဆုံးရှုံးခဲ့ရပုံတို့ကို ပြည့်စုံစွာ ဖော်ပြ ထားသည့် စာအုပ်ဖြစ်သည်။

(အောက်ပုံ)(က–ပ)

ပုလဲမွေးမြူရေးလုပ်ငန်းများ ဒုတိယဝန်ကြီးဦးမြင့်သိန်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၈ ရက်က တနင်္သာရီတိုင်း ပုလဲဒုံးအော် ဒေသရှိ မြန်မာအတ်တလန်တစ် ဖက်စပ်လုပ်ငန်းသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ပုလဲမွေးမြူထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကိုပြန်လည် ဆွေးနွေးမှာကြားပြီး ယင်းလုပ်ငန်း၏ မုတ်ကောင်သားဖောက်လုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရေချမွေးမြူထားသော မုတ်ကောင်များ၏ အခြေအနေနှင့် ပုံမှန်သန့်ရှင်း ထိန်းသိမ်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒိုမယ်ကျွန်းရှိ မြန်မာ တာဆာကီ ပုလဲဖက်စပ်လုပ်ငန်းသို့ ရောက်ရှိကာ စတုတ္ထအကြိမ်မြောက် ပုလဲဖော်နေသည့် လုပ်ငန်းများကို သွားရောက်ကြည့်ရှုပြီး ဖော်ယူရရှိထားသည့်ပုလဲများကို ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ပုလဲကျွန်းကြီးရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးစခန်းသို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဖက်စပ်လုပ်ငန်းများ၏ အခြေအနေ တိုးတက်အောင်မြင်မှုများ၊ မြန်မာ့ပုလဲလုပ်ငန်း၏ လုပ်ငန်းအောင်မြင်တိုးတက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာသားဖောက်ပညာရှင်များဦးစီး၍ မြန်မာ့ပုလဲလုပ်ငန်းမှ မုတ်ကောင်သားဖောက်လုပ်ငန်းများ ဆောင်ရွက်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် ပြည်တွင်းဖက်စပ်များ ဖြစ်သော အရှေ့တိုင်း ပုလဲလုပ်ငန်းနှင့် မြန်မာနီနိုပုလဲ မွေးမြူရေးစခန်းများသို့ သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာသင်တန်း ပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၂

ကွန်ပျူတာ အခြေခံ အဆင့်မြင့်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်း တက်ရောက်လိုသူများအတွက် AKG Computer Centre မှ Windows (Office/XP), Advanced Windows, D.T.P Course, Graphic Design, Programming, Computerized Accounting, Advanced Computerized Accounting, Auto CAD စသည့် သင်တန်းများကို ပြောင်းရွှေ့ဖွင့်လှစ် လိုက်သည့် သင်တန်းလိပ်စာသစ် အမှတ်၁၀ ပထမထပ် နှင်းစားတော်ဆက်အပေါ်ထပ်၊ လှည်းတန်းလမ်း ကမာရွတ်မြို့နယ်ရန်ကုန်မြို့ ဖုန်း–၆၆၄၈၅၇ တွင် လစဉ် ဖွင့်လှစ်ပေးလျက်ရှိသည်။

တစ်ဦးချင်း အိမ်တိုင်ရာရောက် ကွန်ပျူတာ သိပ္ပံဒီပလိုမာဘွဲ့ရဆရာမများက သင်ကြားပေးလျက်ရှိရာ အသေးစိတ်သိရှိလိုပါက အထက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ကြကြောင်းသိရသည်။

(က–ပ)

ဇန်နဝါရီ ၁၀ရက်က မင်္ဂလာဒုံမြို့နယ် အမက(၂) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက ၂၀၀၃–၂၀၀၄ပညာသင်နှစ် စတုတ္ထတန်း မြို့နယ်အဆင့် ဘက်စုံ ဒုတိယဆု၊ အုပ်စုအဆင့် ဘက်စုံပထမဆုနှင့် ကျောင်းအဆင့် ဘက်စုံပထမဆုရ မသူသူစောနိုင်အား ဆုချီးမြှင့်စဉ်။ (က–ပ)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စင်ကာပူအသင်း(မြန်မာ)ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် Singapore Association in Myanmar°(SAM) ၏(၉)ကြိမ်မြောက် ရန်ပုံငွေ ဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒူးဆစ်အင်းလျားလိတ် ဟိုတယ်မြက်ခင်းပြင်၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အမှုဆောင်များ၊ (SAM) နာယကမြန်မာ နိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tensing de Cruzနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် SAM ဥက္ကဋ္ဌ Mr. Teddy Choi က အဖွင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သမ္မတနိုင်ငံသံအမတ်ကြီး Mr. Simon Tensing de Cruzတို့က ဈေးပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ဈေးပွဲတော်တွင် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများကို ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပြီးတေးဂီတ ဖျော်ဖြေပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲ အစီအစဉ်များကို ညနေ ၃ နာရီအထိ ကျင်းပကြသည်။ **(သတင်းစဉ်)**

ကျောက်တံတားစာပေနှင့်စာနယ်ဇင်းနှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ကျောက်တံတားမြို့နယ်၏ လုပ်ငန်းဆိုင်ရာနှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၀နာရီက ပန်းဆိုးတန်းလမ်းအမှတ် (၆)၌ကျင်းပရာအစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌဦးကျော်စိန်က ဆောင်ရွက်ပြီး အစည်းအဝေးသို့စာပေနှင့် စာနယ်ဇင်းဗဟိုမှ အတွင်းရေးမှူးဦးခင်ဆွေ(ရွှေစွန်ညို)၊ ကျောက်တံတားမြို့နယ် ဥက္ကဋ္ဌဦးရွှေမောင်းတို့ တက်ရောက် အမှာစကားပြောကြားကြသည်။အစည်းအဝေးတွင် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများတင်ပြ အတည်ပြုကြသည်။ **(က-ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး

မောင်ဝိုင်း

နိုင်ငံတော်က မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားထည်ဝါစွာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရေးအတွက် အားကစားမြှင့်တင်ရေး အစီအမံကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အထူးအလေးထား အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သည့် အားကစားသမားများကိုလည်းနိုင်ငံတော်က အားပေးချီးမြှောက်လျက်ရှိသည်။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ ထူးချွန်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြုအမှာစကားပြောကြားရာတွင်-

အောင်နိုင်မှု ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား မောင်မယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ ဂုဏ်ပြုချီးကျူးမှုကို ထိုက်ထိုက်တန်တန် ခံယူပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ကို ထပ်ဆင့်မြှင့် တင်ပေးနိုင် စေရန် အောင်လံမလှဲစတမ်းဆိုသည့် မြန်မာ့စိတ်ဓာတ်ဖြင့်အောင်ပွဲ အလီလီရရှိအောင် ဆက်လက်ကြိုးပမ်းအားထုတ် သွားကြပါဟု မှာကြားလိုကြောင်း၊ ယခုနှစ်ပြိုင်ပွဲများမှာ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများနှင့်သာ ကျေနပ်ခဲ့ရသည့် အားကစားနည်းများ၊ အောင်နိုင်မှုရရှိသင့်ပါလျက် ရွှေတံဆိပ်ဆုနှင့် လွဲခဲ့ရသည့် အားကစားနည်းများမှာလည်း ရှေ့လာမည့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ပြန်လည်ရရှိစေရန် အပြင်းအထန် လေ့ကျင့်မှုနှင့် စနစ်တကျ စီမံဆောင်ရွက်မှုများဖြင့် ဖွဲလုံ့လ မလျှော့ဘဲ ဆက်လက်ကြိုးပမ်းကြပါဟု ပြောကြားလိုကြောင်း၊ အားကစားဝန်ကြီးဌာနက တာဝန်ရှိသူအသီးသီးအနေဖြင့်လည်း စီမံခန့်ခွဲမှု၊ လေ့ကျင့်မှု၊ နည်းစနစ်မှန်ကန်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ တက်ကြွမှု၊ ဖွဲလုံ့လဝီရိယ အားကောင်းမှုတို့အတွက် ပြုပြင်ဆောင်ရွက်ဖွယ်များ၊ အားစိုက်ခွန်စိုက်ဆောင်ရွက်မှုများကို မှန်ကန်သော ဝေဖန်သုံးသပ်မှုပြုပြီး ပြုပြင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း"

စသည်ဖြင့် မိန့်ကြားခဲ့သည်။

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၊ဟိုချီမင်းမြို့၊ဟိုင်ဖောင်းမြို့နှင့် နမ့်တင်းမြို့များတွင် ၅-၁၂-၂၀၀၃ ရက်မှ ၁၃-၁၂-၂၀၀၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာအားကစားအဖွဲ့အနေဖြင့် အားကစားနည်း ၂၄ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

		ရွှေ	ငွေ	ကြေး	စုစုပေါင်း
(က)	ဝူရှူး	၅	၆	၆	၁၇
(ခ)	အလေးမ	၄	၂	၁	၇
(ဂ)	လှေလှော် (ကနူး)	၃	၉	၃	၁၅
(ဃ)	လှေလှော်(ရိုးရာလှေ)	၂	၂	-	၄
(င)	လှေလှော်(အနောက်တိုင်း)	-	၁	၁	၂
(စ)	သေနတ်ပစ်	၁	၃	၅	၉
(ဆ)	ကာယဗလ	၁	၁	၁	၃
(ဇ)	ဂျူဒို	-	၅	၇	၁၂
(ဈ)	ရေကူး	-	၄	-	၄
(ည)	ပြေးခုန်ပစ်	-	၂	၄	၆
(ဋ)	လက်သိုင်း	-	၂	၄	၆
(ဌ)	တိုက်ကွမ်ဒို	-	၂	၃	၅
(ဍ)	ကရာတေးဒို	-	၁	၆	၇
(ဎ)	အမျိုးသမီးဘောလုံး	-	၁	-	၁
(ဏ)	ဘိလိယက်နှင့်စနူကာ	-	၁	-	၁
(တ)	စားပွဲတင်တင်းနစ်	-	၁	-	၁
(ထ)	ပိုက်ကျော်ခြင်း	-	-	၄	၄
(ဒ)	လက်ဝှေ့	-	-	၂	၂
(ဓ)	စစ်တုရင်	-	-	၁	၁
(န)	ကြက်တောင်ခတ်	-	-	၁	၁
(ပ)	ဘော်လီဘော	-	-	၁	၁
	စုစုပေါင်း	**၁၆**	**၄၃**	**၅၀**	**၁၀၉**

မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း၂၄မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၆ခု၊ ငွေတံဆိပ် ၄၃ခု၊ ကြေးတံဆိပ် ၅၀ စုစုပေါင်း ဆုတံဆိပ် ၁၀၉ခု၊ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၁နိုင်ငံတွင် အဆင့်(၇)ရရှိခဲ့သည်။ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်။

		ရွှေ	ငွေ	ကြေး	စုစုပေါင်း
(က)	ဗီယက်နမ်	၁၅၈	၉၇	၉၁	၃၄၆
(ခ)	ထိုင်း	၉၀	၉၃	၉၈	၂၈၁
(ဂ)	အင်ဒိုနီးရှား	၅၅	၆၈	၉၈	၂၂၁
(ဃ)	ဖိလစ်ပိုင်	၄၈	၅၄	၇၅	၁၇၇
(င)	မလေးရှား	၄၄	၄၂	၅၉	၁၄၅
(စ)	စင်ကာပူ	၃၀	၃၃	၅၀	၁၁၃
(ဆ)	မြန်မာ	၁၆	၄၃	၅၀	၁၀၉
(ဇ)	လာအို	၁	၅	၁၅	၂၁
(ဈ)	ကမ္ဘောဒီးယား	၁	၅	၁၁	၁၇
(ည)	ဘရူနိုင်း	၁	၁	၈	၁၀
(ဋ)	အရှေ့တီမော	၀	၀	၀	၀
	စုစုပေါင်း	**၄၄၄**	**၄၄၁**	**၅၅၅**	**၁၄၄၀**

မြန်မာအားကစားအဖွဲ့တွင် အောင်မြင်မှုအရှိဆုံးအဖွဲ့မှာ ဝူရှူးအဖွဲ့ဖြစ်သည်။ ဗီယက်နမ်ဝူရှူးအဖွဲ့က ဆုတံဆိပ်အားလုံးရယူမည်ဟု ကြွေးဝါးနေသည့်ကြားမှ မြန်မာက ရွှေ ငါးခု၊ ငွေ ခြောက်ခု၊ ကြေး ခြောက်ခု ပေါင်း ၁၇ခုရရှိကာ မျှော်မှန်းထားသည်ထက် အောင်မြင်မှုရရှိခဲ့သည်။ ရွှေတံဆိပ်ရရှိသူများမှာ ဟာဟုန်းက ရွှေတစ်ခု၊ ခိုင်ခိုင်မော်က ရွှေနှစ်ခု၊ ဆွေဆွေသန့်က ရွှေနှစ်ခုတို့ဖြစ်သည်။ ဝူရှူးအဖွဲ့သည် ကြိုတင်ပြင်ဆင်မှုနှင့် အတွေ့အကြုံရယူနိုင်မှုတို့ အားကောင်းခဲ့သဖြင့် ပြိုင်ပွဲများတွင် ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့သည်ကို တွေ့ရသည်။ ပြိုင်ပွဲဝင်နည်းစနစ်မှန်ကန်ပြီး မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း၊ အောင်နိုင်လိုစိတ်ဓာတ် မြင့်မားခြင်းတို့ကြောင့် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ အလေးမအားကစားနည်းတွင် အမျိုးသား သုံးဦးနှင့် အမျိုးသမီးခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ်ခုနစ်ခု ရရှိခဲ့သည်။ ကေသီဝင်း၊ ခင်မိုးနွယ်၊ မြစန္ဒာဦးနှင့် ချိုချိုဝင်းတို့က ရွှေတံဆိပ်အသီးသီးရရှိခဲ့သည်။ ငွေတံဆိပ်နှစ်ခုကို ဆွေဆွေဝင်းနှင့် အောင်အောင်ထူးတို့က ရရှိခဲ့ပြီး ကြေးတံဆိပ်ကို ရွှေစင်ဝင်းက ရရှိခဲ့သည်။ အလေးမရွှေတံဆိပ်ဆုရ မြန်မာအမျိုးသမီးများသည် ပြိုင်ဘက်များအပေါ် ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့သည်။ အထူးသဖြင့် အလေးမအားကစားနည်းနှင့် ဝူရှူးအားကစားနည်းတွင် မြန်မာအမျိုးသမီး အားကစားမယ်များသည် အရှေ့တောင်အာရှ အဆင့်သာမက အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်တွင်ပါ အောင်နိုင်မှုဆုတံဆိပ်များ တစိုက်မတ်မတ်နှင့် စဉ်ဆက်မပြတ်ဆွတ်ခူးနိုင်နေပြီဖြစ်သည်။ မြန်မာအားကစားမယ်များအနေဖြင့် ယခုနှစ်ပိုင်းအတွင်း ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံတကာ အားကစားပြိုင်ပွဲတိုင်းလိုလိုမှာ အောင်နိုင်မှုရရှိကြပြီး ၎င်းတို့၏ အားကစားသမားဘဝတစ်သက်တာအတွက်ရော သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် နိုင်ငံတော်အတွက်ပါ အောင်မြင်မှု သမိုင်းမှတ်တိုင်များတစ်ဆင့်ချင်း စိုက်ထူလာနိုင်သည်မှာ လွန်စွာချီးကျူးဖွယ်ဖြစ်သည်။ ရိုးရာလှေလှော်ပြိုင်ပွဲတွင် မီတာ ၁၀၀၀ ၂၂တက်လှော်တွင် မြန်မာအမျိုးသားအသင်းက ရွှေတံဆိပ် တစ်ခု၊ မြန်မာအမျိုးသမီးအသင်းက ရွှေတံဆိပ် တစ်ခု၊ စုစုပေါင်း ရွှေနှစ်ခု၊ ကြေးနှစ်ခု ရရှိခဲ့သည်။ ကနူးလှေလှော် ပြိုင်ပွဲတွင် မီတာ ၁၀၀၀ ကာယက် လေးယောက်လှော် အမျိုးသားအသင်းက ရွှေတံဆိပ် တစ်ခု၊ မီတာ ၅၀၀ ကာယက်လေးယောက်လှော် အမျိုးသားအသင်းက ရွှေတံဆိပ် တစ်ခု၊ မီတာ ၅၀၀ ကာယက်လေးယောက်လှော် အမျိုးသမီးအသင်းက ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခု ရရှိခဲ့သည်။

အနောက်တိုင်းလှေလှော်ပြိုင်ပွဲတွင် ငွေတစ်ခုနှင့် ကြေးတစ်ခု ရရှိခဲ့သည်။ သေနတ်ပစ်ပြိုင်ပွဲတွင် မောင်ကြူးက 10M Air Pistol 60 Shots တွင် ရွှေတံဆိပ်တစ်ခု ဆွတ်ခူးခဲ့သည်။ ကာယဗလအားကစားနည်းတွင် မင်းဇော်ဦးက ကီလို၈၀တန်းတွင် ရွှေတံဆိပ်တစ်ခု ဆွတ်ခူးခဲ့သည်။ ကျန်အားကစားနည်းများတွင်လည်း ငွေတံဆိပ်နှင့်ကြေးတံဆိပ်များ ရရှိခဲ့သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ပြိုင်ပွဲဝင်အသင်းအားလုံးတွင် တစ်ဦးချင်းစွမ်းရည်၊ အသင်းလိုက်ကစားကွက်တို့ သာလွန်သောအသင်းဖြစ်သည်။ ဖိုင်နယ်ပွဲတွင် ဗီယက်နမ်ပရိသတ်၏ အရှိန်ကြောင့် တစ်ဦးချင်းရောအသင်းလိုက်ပါကစားကွက်ပျက်ခဲ့ရပြီး ပထမရွှေတံဆိပ်ဆုနှင့်လွဲခဲ့ရသည်။ ပထမရွှေတံဆိပ်ဆု မရခြားသော်လည်း ကြိုးစားမှုနှင့်ကစားကွက်ကောင်းမွန်မှုမှာ ချီးကျူးဖွယ် ဖြစ်သည်။ အပြင်းအထန် ဆက်လက်လေ့ကျင့်ပြီး ကြိုးပမ်းသွားလျှင် ဆက်လက်အောင်ပွဲခံနိုင်မည်ဖြစ်သည်။ အထူးသဖြင့် သက်တမ်းနုနယ်လှသေးသည့် မြန်မာအမျိုးသမီး အလေးမအားကစားနည်း၊ ဝူရှူးအားကစားနည်း၊ ကနူးလှေလှော်အားကစားနည်းစသည့် အားကစားနည်းများတွင် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် အားကစားသမား မောင်မယ်များသည် တိုတောင်းလှသည့် အချိန်ကာလအတွင်း အောင်နိုင်မှုအဆင့်အတန်း တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ခြင်းသည် ထူးကဲသည့်အောင်မြင်ဖြစ်ထွန်းမှုပင် ဖြစ်သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ခု၊ ငွေတံဆိပ်၄၃ခု၊ ကြေးတံဆိပ် ၅၀ စုစုပေါင်းဆုတံဆိပ် ၁၀၉ခုရရှိခဲ့ပြီး နိုင်ငံပေါင်း ၁၁နိုင်ငံတွင် အဆင့်(၇)ဆင့်သာ ရရှိခဲ့သော်လည်း ယခုနှစ်၏ အတွေ့အကြုံ၊အားနည်းချက်၊ အားသာချက်များအပေါ် ဝေဖန်သုံးသပ်ပြီး အားကစားကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအားလုံး၊ အားကစားမောင်မယ်အားလုံးတို့က တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် ရှေ့လာမည့်အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုရ ထူးချွန်အားကစားသမားများ မြောက်မြားစွာပေါ်ထွန်းလာပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ဂုဏ်ကို ပိုမိုမြှင့်တင်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များသည် အမျိုးဂုဏ်၊ နိုင်ငံ့ဂုဏ်မြှင့်တင်သည့် အားကစားအကျော်အမော် နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် အာရှအဆင့်၊ ကမ္ဘာ့အဆင့် ပြိုင်ပွဲများအထိ အောင်ပွဲအလီလီ ဆက်လက် ဆွတ်ခူးနိုင်ရေးနှင့် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

လက်တွေ့ပြောဆိုနိုင်မည့် နည်းစနစ်များဖြင့် ဆရာအာသာ ဘီအေ (အင်္ဂလိပ်စာ)၊ ဒီပလိုမာ (အင်္ဂလိပ်စာသင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာဘွဲ့ရဆရာများက ပို့ချပေးမည့် Spoken English, Intermediate Level General English Proficiency သင်တန်းများကို ဇန်နဝါရီ ၁၂၊ ၁၉၊၂၆၊ ၂၉ရက်များတွင် စတင်ဖွင့်လှစ်မည် ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက် တစ်နှစ်ပတ်လုံးဖွင့်လှစ်လေ့ကျင့်ပေးနေသည့် Member Club အဖွဲ့ဝင်အဖြစ် လေ့ကျင့်ခွင့်၊ စာအုပ်များအခမဲ့ငှားရမ်းခွင့်များရရှိမည်ဖြစ်ရာ Success Language Academyအမှတ် ၄၅၇ (တတိယထပ်) ကုန်သည်လမ်း (ဘိုကလေး ဈေးလမ်းထောင့်) ဂမုန်းပွင့်ကုန်တိုက်ရှေ့ ဖုန်း-၂၉၅၇၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၃-၁-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(စိတ်ပညာ) (ခ)ပထမနှစ် (အင်္ဂလိပ်စာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း-၁၈)
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဇန်နဝါရီ ၁၁ ရက်က အီရတ်နိုင်ငံ အမ်မရာမြို့တွင် အမေရိကန်နှင့်ဗြိတိသျှတပ်ဖွဲ့ဝင်များကို ကြွေးကြော်ဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြား သတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်မှု အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးရ

တီကရစ် ဇန်နဝါရီ ၁၂

တိုက်ခိုက်ရေးသမားများဟု အထင်မှားကာ ကယ်ကွတ်၌ဖြစ်ပွားသည့် မိသားစုရန်ပွဲတွင် ဝင်ပါသူ အီရတ်ရဲနှစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက သောကြာနေ့တွင် ပစ်သတ်လိုက်ကြသည်။

မိသားစုများရန်ပွဲသို့ ရောက်လာသောအမေရိကန်တပ်ဖွဲ့ဝင်များက လူနှစ်ဦး လက်နက်များ ကိုင်ဆောင်လာသည်ကို တွေ့ကြရသည်။ တပ်ဖွဲ့ဝင်များ ထိုသူနှစ်ဦးရှိရာသို့ ချဉ်းကပ်လာသည့်အခါ ထိုလူနှစ်ဦးသည် ထွက်ပြေးသွားခဲ့ကြသည်။

တပ်ဖွဲ့ဝင်များက နောက်ကလိုက်ပြီး သတိပေးပစ်ခတ်ခဲ့သည်။ တစ်ဦးထိမှန်သေဆုံးပြီး ကျန်တစ်ဦးမှာ ဆေးရုံမရောက်မီ သေဆုံးသွားခဲ့သည်။ တတိယတစ်ဦးမှာ ထိခိုက်ခြင်း မရှိပေ။

နောက်ပိုင်း၌ ထိုလူသုံးဦးမှာ ရဲအဖွဲ့ဝင်များဟု သိကြရသည်။ အီရတ်ရဲ သို့မဟုတ် အခြားဒေသလုံခြုံရေးတပ်ဖွဲ့များကို အမေရိကန်တပ်များက မှားပစ်သည်မှာ ယခုအကြိမ်သည် ပထမဆုံးမဟုတ်ပေ။

အီရတ်ရဲတပ်ဖွဲ့ဝင်များသည် ညွန့်ပေါင်းတပ်ဖွဲ့များနှင့် လက်တွဲ ဆောင်ရွက်သည့်အတွက် မကြာခဏအတိုက်အခိုက် ခံရလေ့ရှိသည်။ ရဲစခန်းအတော်များများ ဗုံးခွဲခံရသည့်အတွက် ရဲတပ်ဖွဲ့ဝင်ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ ဒီဇင်ဘာလအတွင်းက ရဲစခန်းတစ်ခု ဗုံးဖောက်ခွဲခံခဲ့ရရာ လူ၂၀ သေဆုံးသွားပြီး ၃၂ဦးဒဏ်ရာရရှိခဲ့ကြသည်။ **(အင်တာနက်)**

ဗြိတိသျှတပ်များထိန်းချုပ်သည့် အီရတ်တောင်ပိုင်း သီတင်းတစ်ပတ်အတွင်းပဋိပက္ခများ ဆက်တိုက်ဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

ဗြိတိသျှတပ်ဖွဲ့ဝင်များက ထိန်းချုပ်ထားသော အီရတ်နိုင်ငံတောင်ပိုင်း သီတင်းတစ်ပတ်ကြာ အချိန်အတွင်းဖြစ်ပွားသည့် ပဋိပက္ခများတွင် အမ်မရာ၌ ဖြစ်ပွားသည့် ပဋိပက္ခလည်း အပါအဝင်ဖြစ်သည်။ ပြီးခဲ့သော အင်္ဂါနေ့က ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှု၌လည်းအီရတ်ရဲအဖွဲ့က ပစ်ခတ်ခြင်းကြောင့် လူနှစ်ဦး သေဆုံးခဲ့ရသည်။

ထိုအတောအတွင်း အီရတ်နိုင်ငံ၌ တပ်စွဲထားသော ဒိန်းမတ် တပ်ဖွဲ့တစ်ဖွဲ့သည် နိုင်ငံတောင်ပိုင်း တစ်နေရာမှာ စိန်ပြောင်း အမြောက်ဆန် ၃၀ မှ ၄၀ ခန့်ရှာဖွေတွေ့ရှိခဲ့သည်။ယင်းသည် ယခင်ကတည်းက သိမ်းဆည်းထားသော အမြောက်ဆန်များဖြစ်နိုင်သကဲ့သို့ လွန်ခဲ့သည့် ၁၀နှစ်ကျော် ကတည်းကမြှုပ်နှံထားခြင်းလည်းဖြစ်နိုင်ပြီး အီရန်-အီရတ်စစ်ပွဲမှ လက်ကျန်များလည်း ဖြစ်နိုင်ကြောင်း ဒိန်းမတ်တပ်ဖွဲ့ လက်နက်ရေးရာ ကျွမ်းကျင်သူများက ပြောကြားခဲ့ကြသည်။ **(စီအင်န်အင်န်)**

အီရတ်တွင်ကုလသမဂ္ဂ၏ လုံခြုံရေးအာမခံချက်ရှိရန် ကြိုးပမ်း လုံခြုံရေးမတိုးတက်မချင်းအီရတ်သို့ အမှုထမ်းများ ပြန်မလွှတ်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၁

ကုလသမဂ္ဂအမှုထမ်းများ အီရတ်နိုင်ငံသို့ ပြန်လာရေးကြိုးပမ်းရာတွင် ကမ္ဘာ့အဖွဲ့အစည်းအတွက် လုံခြုံရေးကို အမေရိကန်ပြည်ထောင်စုက ဇန်နဝါရီ ၁၀ရက်တွင် ပြန်လည်သုံးသပ်ခဲ့သည်။

လွန်ခဲ့သည့်နွေရာသီ၌ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးများ ဗုံးခွဲတိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် စစ်မြေပြင်သို့အရာရှိများကိုစေလွှတ်ရန်ကုလသမဂ္ဂအဖွဲ့အစည်းသည် ဝန်လေးနေဆဲ ရှိသည်။

သတိထား

အီရတ်တွင် ကုလသမဂ္ဂ၏ အနာဂတ်အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဇန်နဝါရီ ၁၉ရက်၌ အရေးကြီးသော အစည်းအဝေးမကျင်းပမီ အမေရိကန်နှင့်ဗြိတိသျှသံအမတ်ကြီးများက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား တီးခေါက်ကြည့်ခဲ့ကြသော်လည်း အမေရိကန်တို့၏ သိမ်းပိုက်မှုရှိစဉ်အတောအတွင်း ဘဂ္ဂဒက်၌ ကုလသမဂ္ဂ ပြန်သွားရောက်ရေးကို ကုလသမဂ္ဂ အရာရှိ အများအပြားက သတိထားကြည့်ခဲ့ကြသည်။

ကန့်သတ်

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေမှာ မသေချာမရေရာသေးဘဲရှိရာ ကုလသမဂ္ဂ၏အခန်းကဏ္ဍကိုလုံခြုံရေးအကြောင်းအချက်ကြောင့် များစွာကန့်သတ်ထားရကြောင်း ကုလသမဂ္ဂပြောခွင့်ရှိသူ ဖရက်ဒ်အက်ခ်ဟာ့ဒ်က ပြောကြားသည်။

ရုပ်သိမ်း

ဩဂုတ် ၁၉ ရက်၌ အီရတ်ရှိ ကုလသမဂ္ဂရုံးချုပ်များကို ဗုံးခွဲ တိုက်ခိုက်မှုနှစ်ခုကြောင့် အမှုထမ်း ၂၂ဦးနှင့် ဧည့်သည်များ သေဆုံးခဲ့ကြရာ အောက်တိုဘာလထဲတွင် ကိုဖီအာနန်သည် နိုင်ငံတကာဆိုင်ရာ အမှုထမ်းများကို အီရတ်မှ ရုပ်သိမ်းခဲ့သည်။

ပြန်မလွှတ်

ထို့နောက်ပိုင်း၌ ကိုဖီအာနန်က အီရတ်၌လုံခြုံရေးတိုးတက်မှုမရှိမချင်း၊ အီရတ်နိုင်ငံ၏အနာဂတ်ကိုလုပ်ဆောင်ရာတွင်ကုလသမဂ္ဂ၏ အခန်းကဏ္ဍကိုကောင်းစွာ အဓိပ္ပာယ်မဖွင့်မချင်း ကုလသမဂ္ဂအမှုထမ်းများကို အီရတ်သို့ ပြန်လွှတ် မည်မဟုတ်ကြောင်း အလေးအနက် ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကင်ဆာဖြစ်သော်လည်းအသက်မသေသည့်ရဟတ်ယာဉ်မောင်း အီရတ်၌ရဟတ်ယာဉ်ပျက်ကျရာ၌ ပါဝင်သေဆုံးသွား

တမ်ပါ(ဖလော်ရီဒါ) ဇန်နဝါရီ ၁၂

ကင်ဆာရောဂါ ဖြစ်သော်လည်း အသက်ရှင်ခဲ့သူ အမေရိကန်စစ်တပ်မှ လေယာဉ်မောင်းသည် အီရတ်၌ ရဟတ်ယာဉ်ပျက်ကျခဲ့ရာ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦးတွင် ပါဝင်သွားကြောင်း မိသားစုက သောကြာနေ့၌ ပြောကြားသည်။

၂၀၀၂ခုနှစ်တွင် အရာခံဗိုလ်အေရွန်ဝီဗာသည် ကင်ဆာရောဂါကို ခွဲစိတ်မှုခံခဲ့ရပြီးနောက် အီရတ်တွင် သူ၏ အိုအိပ်ချ်ရဟတ်ယာဉ်ကို မောင်းနှင်ရန် အီရတ် သို့သွားခဲ့ကြောင်း၊ အေရွန်ဝီဗာသည် အမှတ်(၈၂) လေကြောင်းချီတပ်မမှဖြစ်ပြီး ကြာသပတေးနေ့က ဘလက်ဟော့ခ်ရဟတ်ယာဉ်ဒုံး ကျည်ထိမှန်ပြီး ပျက်ကျရာ၌ ပါဝင်သွားခဲ့သည်။ **(အင်တာနက်)**

အီရတ်၌ လုံခြုံရေးပြဿနာရှိနေဆဲဟု စပိန်ဝန်ကြီးပြောဆို

မက်ဒရစ် ဇန်နဝါရီ ၁၁

စပိန်နိုင်ငံခြားရေးဝန်ကြီး အန်နာပါလာစီယိုနှင့် စီအင်န်အင်န်တို့တွေ့ဆုံမေးမြန်းရာ၌ အီရတ်နိုင်ငံတွင် လုံခြုံရေးပြဿနာများ ကြုံတွေ့နေရဆဲဖြစ်ကြောင်း ဖြေကြားခဲ့သည်။စပိန်အစိုးရကိုယ်စား စပိန်တပ်ဖွဲ့များသည် အီရတ်ပြည်သူများ၏ ဘဝကို စာနာထောက်ထားပြီး အကူအညီပေးရန် လာရောက်တာဝန်ထမ်းဆောင်ခြင်းဖြစ်ကြောင်း၊ အီရတ် ပြည်သူများအနေဖြင့် မိမိနိုင်ငံကို ပြန်လည်အုပ်ချုပ်ခွင့်ရစေရန် ဆောင်ရွက်ရေးကူညီမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် နိုင်ငံတကာ မှ ပါဝင်ဆောင်ရွက်ရန် ကုလသမဂ္ဂ၏ နှိုးဆော်ချက်အား စပိန်နိုင်ငံက တုံ့ပြန်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသည့်ရာဇဝတ်မှုများ အာဆီယံနှင့်တရုတ်ပိုမိုပူးပေါင်းနှိမ်နင်းသွားမည်

ဗန်ကောက် ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တို့သည် နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် ရာဇဝတ်မှုကို နှိမ်နင်းရာတွင် ပူးတွဲကြိုးပမ်းသည့် နားလည်မှုစာချွန်လွှာ (အမ်အိုယူ)အား စနေနေ့က လက်မှတ်ရေးထိုးလိုက်ကြသည်။

ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ ကို လက်မှတ်ရေးထိုးခြင်းသည် တရုတ်နှင့်အာဆီယံတို့သည် နယ်စပ်ဖြတ်ကျော်ကျူးလွန်သည့် ရာဇဝတ်မှုများကို ပိုမိုတိုးမြှင့်ကာ ပူးပေါင်းနှိမ်နင်းသွားမည့်ဆန္ဒကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဆိုင်ရာ ဒုတိယဝန်ကြီး တီယန်ကျီယုက ပြောကြားသည်။

ဗန်ကောက်မြို့၌ တစ်ရက်ကြာကျင်းပသော အာဆီယံ+တရုတ်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့၏ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှု နှိမ်နင်းရေးဝန်ကြီးအဆင့်အစည်းအဝေးအပြီး၌ မစ္စတာတီယန်နှင့် အာဆီယံအတွင်းရေးမှူးချုပ် အွန်ကင်ရောင်တို့က စနေနေ့တွင်လက်မှတ်ရေးထိုးလိုက်ကြခြင်းဖြစ်သည်။

ယခု ချုပ်ဆိုလိုက်သော နားလည်မှု စာချွန်လွှာအရ တရုတ်နှင့်အာဆီယံသည် သတင်းဖလှယ်ခြင်း၊အပြန်အလှန် လူပုဂ္ဂိုလ်များ ဖလှယ်ခြင်းနှင့် ဥပဒေအဖွဲ့များပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် ထုံးစံမဟုတ်သောရာဇဝတ်မှုများကို ပိုမို၍ ပူးပေါင်းနှိမ်နင်းသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

စောင့်ကြည့်

ဇန်နဝါရီ ၁၁ ရက်ကဘဂ္ဂဒက်ရှိ စစ်ဆေးရေးစခန်း တစ်ခု၌ စောင့်ကြပ် နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှတပ်ဖွဲ့ဝင်များ ဆန္ဒပြသူများကို ပစ်ခတ် အီရတ်ခြောက်ဦးသေ၊ ၁၁ ဦး ဒဏ်ရာရ

အမ်မရာ ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံတောင်ပိုင်း အမ်မရာမြို့တွင် ဆန္ဒပြသော လူအုပ်ထဲသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတို့က သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် လူခြောက်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆရာဝန်တစ်ဦးတို့က ပြောကြားသည်။

ဇန်နဝါရီလဆန်းပိုင်း၌ အလုပ်အကိုင်ပေးမည်ဟု ပူးပေါင်းအာဏာပိုင်တို့က ကတိပေးထားခဲ့သော်လည်း ကတိမတည်သဖြင့် ရာပေါင်းများစွာတို့က ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

မျက်မြင်တွေ့ရှိသူအချို့က ဆန္ဒပြသူများက သေနတ်ဖြင့်ပစ်ကြောင်း ပြောဆိုကြပြီး အခြား မျက်မြင်တွေ့ရှိသူများက ကျောက်ခဲများဖြင့်သာ ပစ်ပေါက်ကြကြောင်း ပြောဆိုသည်။

ထိုသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတို့က ပစ်ခတ်သဖြင့် လူခြောက်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရခဲ့သည်ဟု ဆရာဝန် ဆာအက်ဒ်ဟာမွတ်က ပြောဆိုသည်။

(အင်တာနက်)

ဇန်နဝါရီ ၁၁ ရက်က အီရတ်နိုင်ငံအမ်မရာမြို့တောင်ပိုင်းရှိ အုပ်ချုပ်ရေးရုံး၌ အီရတ်ဆန္ဒပြသူများနှင့်ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိပ်တိုက် ရင်ဆိုင်ကြုံတွေ့နေမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၉၅ ဦးရှိပြီ

ဝါရှင်တန် ဇန်နဝါရီ ၁၂

အီရတ်တွင် အမေရိကန်ဦးဆောင်ပြီး စစ်ပွဲစတင်ဆင်နွှဲခဲ့သည်မှ ဇန်နဝါရီ ၁၁ ရက်ရောက်ချိန်တွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၉၅ ဦး သေဆုံးခဲ့ပြီဖြစ်သည်။

၃၄၂ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၅၃ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။ မေ ၁ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၃၅၇ ဦး သေဆုံးခဲ့ရာ ၂၂၇ ဦးမှာ တိုက်ပွဲ၌ဖြစ်ပြီး ၁၃၀ မှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်။

စစ်ပွဲစသည်မှ အမေရိကန်တပ်ဖွဲ့ဝင် ၂၄၆၁ ဦး တိုက်ပွဲ၌ ဒဏ်ရာ ရပြီး ၃၈၈ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရသည်။ **(အင်တာနက်)**

အီရတ်၏ အဖျက်စွမ်းအားကြီး လက်နက်များဆီးရီးယားသို့ ရွှေ့ထားသည်ဆိုမှု အမေရိကန်ပြည်ထောင်စု၌ ခိုင်မာသော အထောက်အထားမရှိခဲ့

ဝါရှင်တန် ဇန်နဝါရီ ၁၀

ဆက်ဒမ်ဟူစိန်ကို ရာထူးမှဖယ်ရှားလိုက်သော အမေရိကန်ဦးဆောင်သည့် စစ်ပွဲမစတင်မီ ဆီးရီးယားနိုင်ငံထဲသို့ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ ရွှေ့ပြောင်းခဲ့သည်ဆိုသည့် ယုံကြည်လောက်သည့် အထောက်အထား အမေရိကန်ပြည်ထောင်စု၌ ရှိမထားကြောင်း အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ကွန်ဒိုလီဇာရိုက်စ်က သောကြာနေ့၌ ပြောကြားလိုက်သည်။

ထိုကဲ့သို့ ဆီးရီးယားနိုင်ငံထဲသို့ အဖျက်စွမ်းအားကြီးမားသော လက်နက်များ ရွှေ့ပြောင်းခဲ့သည်ဆိုသော ဖော်ညွှန်းချက် တစ်စုံတစ်ရာသည် အရေးကြီးသောအကြောင်းအရာဖြစ်ကြောင်း၊ ရှင်းရှင်းလင်းလင်းဖြစ်စေလိုကြောင်း၊ ယုံကြည်လောက်မှုနှင့် ခိုင်မာမှုကို မိမိစဉ်းစားမည်ဖြစ်ကြောင်း သမ္မတဘုရှ်က မက္ကဆီကိုသို့သွားမည့် ကိစ္စနှင့်ပတ်သက်၍ အိမ်ဖြူ၌ အကျဉ်းချုံး ပြောဆိုရာတွင် ကွန်ဒိုလီဇာရိုက်စ်က ပြောကြားခဲ့သည်။

ရှာမတွေ့

အီရတ်နိုင်ငံ၌ ရောက်ရှိနေခဲ့သော လက်နက်ထိန်းချုပ်ရေး ကျွမ်းကျင်သူများသည် ကိုးလကြာသည့်တိုင် အဖျက်စွမ်းအားကြီးသည့် လက်နက်များစာရင်းထဲမှ ပစ္စည်းတစ်ခုတစ်လေကိုမျှ ရှာဖွေမတွေ့ရှိသေးပေ။

စွပ်စွဲ

ဘုရှ်အစိုးရက ဆက်ဒမ်အစိုးရကို ဆင်နွှဲခဲ့သောစစ်ပွဲအတွက် အဓိကအကြောင်းပြချက်အဖြစ် အီရတ်၌ လက်နက်များ စုပုံရှိနေကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

အထောက်အထား

ဤပြဿနာအပေါ် ယခုအချိန်၌ ဆုံးဖြတ်စီရင်ချက်မချနိုင်ကြောင်း၊ ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ ခိုင်မာသောအထောက်အထား မရှိကြောင်း ကွန်ဒိုလီဇာရိုက်စ်က ပြောဆိုသည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ ပေါက်ကွဲသံကြီးသုံးခုကြားရ အဘယ့်ကြောင့် ပေါက်ကွဲသည်ကိုမသိရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် တနင်္ဂနွေနေ့ နံနက်ပိုင်း၌ ကျယ်လောင်သော ပေါက်ကွဲသံကြီးသုံးခုကို မြို့အနှံ့က ကြားရသော်လည်း အမေရိကန်စစ်ဘက်က ဘာကြောင့်ပေါက်ကွဲသည်ကို ချက်ချင်းသတင်းမရကြောင်း ပြောကြားသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့တွင် သိပ်မကြာသေးသော ဒီဇင်ဘာ ၃၁ ရက်က လူများဖြင့် ပြည့်နေသည့် စားသောက်ဆိုင်တစ်ခု၌ ကားဗုံးပေါက်ကွဲခဲ့ရာတွင် လူရှစ်ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရခဲ့သည်။

ပေါက်ကွဲသံ

ထိုအတောအတွင်း အမေရိကန်တပ်များသည် အိုင်းယွန်းဂရစ်စစ်ဆင်ရေးအဖြစ် ဘဂ္ဂဒက်မြို့၏ ဆင်ခြေဖုံးအရပ်များကို အမြောက်များဖြင့် ပစ်ခတ်လျက်ရှိသဖြင့် နာရီမလပ် ဘဂ္ဂဒက်မြို့အနှံ့၌ ပေါက်ကွဲသံများ ကြားနေရသည်။

ပြောကြား

အခြားဖြစ်ပျက်ပြောင်းလဲမှုများတွင် အမေရိကန်ဆန့်ကျင်ရေး ပြောက်ကျားများက ဖော်လူဂျာအနီး၌ ရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့သဖြင့် ကိုးဦးသေဆုံးခဲ့ကြောင်း အမေရိကန်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပြောကြားသည်။

သေဆုံး

တစ်ဖန် အီရတ်မြောက်ပိုင်း ကယ်ကွတ်မြို့၌ အမေရိကန်တပ်များက မှားပြီးပစ်ခတ်မှုကြောင့် အီရတ်ရဲနှစ်ဦးသေခဲ့ပြီး အမ်မရာ၌ ဆန္ဒပြစဉ် အီရတ်ငါးဦးသေဆုံးခဲ့သည်။စနေနေ့ အစောပိုင်း၌ ဆန္ဒပြသူများကို ရဲနှင့် ဗြိတိသျှတပ်ဖွဲ့များက ပစ်ခတ်မှုကြောင့် ဆန္ဒပြပွဲမှာ ထိတ်လန့်စရာဖြစ်ခဲ့သည်။ **(အင်တာနက်)**

ဇန်နဝါရီ ၁၁ ရက်က တိုကျိုမြို့၌ အီရတ်နိုင်ငံသို့ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်ရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ဂျပန်ပြည်သူများက ဆန့်ကျင်ဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘုရှ်၏ မိုက်ကန်းကန်းလုပ်ရပ် ကမ္ဘာကြီးကိုငြိမ်းချမ်းစေမည်မဟုတ်ဟုဆို

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခဲ့မှုနှင့် ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန အိုးပင်းဖိုရမ်အစီအစဉ်သို့ ပေးပို့လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ပေးပို့လျက်ရှိကြရာ ရှုမြင်သုံးသပ်သူတစ်ဦး ရေးသားပေးပို့ချက်၌ အီရတ်နိုင်ငံတွင် အုပ်ချုပ်ပုံစနစ်ပြောင်းလဲသွားခြင်းအားဖြင့် ကမ္ဘာပေါ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ အဆုံးသတ်သွားလိမ့်မည်ဟု အမေရိကန်သမ္မတဘုရှ်က ယုံကြည်နေကြောင်း၊ သို့ရာတွင် အထင်နှင့်အမြင် တလွဲစီဖြစ်ကာ ယနေ့အချိန်အခါ၌ ကမ္ဘာတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ လုံခြုံရေးအခြေအနေပျက်သုန်းမှုများပိုမိုများပြားဖြစ်ပွားနေသည်ကို မျက်မြင်တွေ့ရှိကြားသိကြရပြီး လူအများအပြားမှာလည်း စိုးရိမ်ထိတ်လန့် ကြောက်ရွံ့ရသော အခြေအနေမျိုးတွင် နေထိုင်ကြရကြောင်း၊ ဘုရှ်၏ နွားကျောင်းသားစတိုင် မိုက်တိမိုက်ကန်းလုပ်ရပ်သည် ကမ္ဘာကြီးကို မည်သည့်အခါမျှ ငြိမ်းချမ်းလာစေမည်မဟုတ်ကြောင်း ရေးသားဖော်ပြထားသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အဖျက်စွမ်းအားကြီးမားသော လက်နက်များ အီရတ်၌ရှိသည်ဆိုမှု ချဲ့ထွင်ပြောကြားခြင်းဖြစ်ကြောင်း ကာနက်ဂျစ်အဖွဲ့က အစီရင်ခံ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အမေရိကန်တို့၏ အကြောင်းပြချက်များအပေါ် ဝေဖန်မှုအသစ်များ ထပ်မံထွက်ပေါ်လျက်ရှိသည်။ သို့ရာတွင် အမေရိကန်သမ္မတ ဘုရှ်အစိုးရအဖွဲ့က အီရတ်ကိုတိုက်ခဲ့ခြင်းသည် မှန်ကန်ကြောင်း ဆက်လက်ရပ်တည်ပြောကြားလျက်ရှိသည်။

ကာနက်ဂျစ်အမည်ရှိ အဖွဲ့အစည်းသည် အီရတ်လူမျိုးများနှင့် အီရတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် လက်နက်စစ်ဆေးရေးမှူးများကို တွေ့ဆုံမေးမြန်းခဲ့သည့်အပြင် ထောက်လှမ်းရေးသတင်းများနှင့် အစီရင်ခံစာများကိုလည်း ခြောက်လကြာ လေ့လာသုံးသပ်ပြီးနောက် အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာ၌ အမေရိကန်အစိုးရကို ဝေဖန်ထားသည်။

စွပ်စွဲ

စစ်ပွဲ မဖြစ်မီက အီရတ်နိုင်ငံ၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိသည်ဟု စွပ်စွဲခဲ့သည့် ဘုရှ်အစိုးရအဖွဲ့၏ ကြေညာချက်ကို ထည့်သွင်း ဝေဖန်ထားသည်။

ရပ်တည်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်ပါဝဲလ်သည် အီရတ်နိုင်ငံရေးကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂကို ယခင်ကပြောကြားခဲ့သည့်အတိုင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ဆက်လက်ပြီး အခိုင်အမာ ရပ်တည်ပြောကြားလျက်ရှိသည်။

ဖော်ပြ

အီရတ်နိုင်ငံ၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိသည်ဆိုခြင်းသည် ချဲ့ထွင်ပြောကြားခြင်းဖြစ်ကြောင်း ကာနက်ဂျစ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့အပြင် အမေရိကန်အစိုးရအနေဖြင့် ယခုလို တစ်ဖက်သတ်ယူဆခြင်းကို စွန့်လွှတ်ရန်နှင့် အမေရိကန်အစိုးရမူဝါဒရေးရာ ဆုံးဖြတ်ရေးသမားများသည် ထောက်လှမ်းရေး သတင်းအချက်အလက်များအပေါ် လွှမ်းမိုးလျက်ရှိကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည့်အပြင် ယခုလိုဖြစ်ရခြင်းသည် အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ စီအိုင်အေ၏ ညွှန်ကြားရေးမှူးရာထူးကို မျှော်မှန်းလိုသည့်အတွက်ကြောင့်ဖြစ်သည်ဟု ဖော်ပြထားသည်။

ပါဝင်

၎င်းကာနက်ဂျစ်အဖွဲ့ အစီရင်ခံစာကို ရေးသားကြသူများထဲ၌ စစ်ကို အမြဲဝေဖန်လေ့ရှိသော ယခင်ဒီမိုကရက်တစ်ပါတီ အစိုးရအဖွဲ့ထဲမှ အဖွဲ့ဝင်များအပြင် ဂုဏ်သရေရှိ အတွေးအခေါ်ပညာရှင်များ ပါဝင်ကြောင်းနှင့် ၎င်းအစီရင်ခံစာကို ဒီမိုကရက်တစ်ပါတီဝင်များထဲမှ သမ္မတလောင်းအဖြစ် လျာထားခံရသူဟုသမျှတို့ကလည်း ကိုးကားပြောကြားဖွယ်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

စိန်ပြောင်းဖြင့် တိုက်ခိုက်ခံရသူ

ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဆေးရုံ၌ရှိဆဲ

ဝါရှင်တန်(အိုင်အိုဝါ)ဇန်နဝါရီ ၁၁

ယခုသီတင်းပတ်တွင် ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ ထောက်ပံ့ဖြည့်တင်းရေး အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ၌ ဒဏ်ရာရရှိခဲ့သော အမျိုးသားအစောင့်တပ်မှ တပ်ဖွဲ့ဝင် ၁၂ ဦးအနက် ၁၀ ဦးသည် ကုသမှုခံယူပြီးနောက် တာဝန်ပြန်ထမ်းဆောင်နေပြီဖြစ်သည်။ တပ်ဖွဲ့ဝင်နှစ်ဦးမှာမူ ဆေးရုံ၌ ပင်ရှိသည်ဟု ဆိုသည်။

ဘဂ္ဂဒက်အနောက်ဘက်ရှိ ထောက်ပံ့ဖြည့်တင်းရေး အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ခဲ့မှုတွင် စုစုပေါင်းတပ်ဖွဲ့ဝင် ၃၅ ဦးဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**

စစ်ဆေးရှာဖွေ

ဇန်နဝါရီ ၁၁ ရက်က ဘာဆာရာမြို့တွင် ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်တစ်ဦးကို ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကျူးကျော်စစ်၏ ဆိုးကျိုးများ အီရတ်ပြည်သူများနေ့စဉ်ခံစားနေကြရ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်တိုက်ခိုက်ခဲ့သည့် စစ်ပွဲကြီး၏ ဆိုးကျိုးများဖြစ်သော ဆင်းရဲချို့တဲ့မှု အကျပ်အတည်းများနှင့် ဘဂ္ဂဒက်မြို့သူမြို့သားများ နေ့စဉ်တွေ့ကြုံခံစားနေရပြီး ၂၀၀၃ခုနှစ်အတွင်း ကျန်ရှိခဲ့သော အဓိကပြဿနာများကိုလည်းအီရတ်ပြည်သူများက ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရခြင်းကြောင့် အချို့အီရတ် ပြည်သူများသည် စိတ်ချမ်းသာပျော်ရွှင်အောင် ကြံဖန်နေထိုင်ရလျက်ရှိကြောင်း သိရသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိနေသည့် ဘဂ္ဂဒက်မြို့တွင်းရှိ အပန်းဖြေကစားကွင်းသုံးခုတွင် ယခုတိုင် စည်ကားလျက်ရှိနေကြောင်း၊ ယခုလို ဆောင်ရွက်ရခြင်းမှာ ကလေးသူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်မှု ရှိနေစေရန်နှင့် ပျော်ရွှင်မှုရရှိစေရန်ဖြစ်ကြောင်း သိရသည်။

ဆုံးရှုံး

အီရတ်နိုင်ငံ နေရာတိုင်းတွင် လုံခြုံရေးအခြေအနေ ကင်းမဲ့နေသည့်အတွက် အီရတ်ပြည်သူများမှာ ငြိမ်းချမ်းရေး ဆုံးရှုံးမှုကို တွေ့ကြုံခံစားနေကြရသည်။

စိတ်ဓာတ်နိုးကြားရန်

ထို့ကြောင့် တစ်ဖက်မှလည်း စိတ်အပန်းဖြေမှု ရရှိရန်နှင့် ကလေးသူငယ်များ၊ လူငယ်များစိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးရေးအပြင် အမျိုးသားရေးစိတ်ဓာတ်ပါ နိုးကြားစေနိုင်ရန် ပျော်ပွဲရွှင်ပွဲ အချို့နှင့်အတူ ဘောလုံးအသင်းများကိုပါ ဖွဲ့စည်းလေ့ကျင့်ပေးထားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကနေဒါနိုင်ငံသားတစ်ဦး အီရတ်တွင် အသတ်ခံရ

အော့တဝါ ဇန်နဝါရီ ၁၁

ကူဝိတ်နိုင်ငံ၌ နေထိုင်သော ကနေဒါနိုင်ငံသား ရစ်ချတ်ဖလင်းဆိုသူသည် ယခုသီတင်းပတ်တွင် အီရတ်၌ ခရီးထွက်စဉ်အသတ်ခံရကြောင်း နိုင်ငံခြားရေးရာဌာနက သောကြာနေ့တွင် ပြောကြားသည်။

နိုင်ငံခြားရေးရာဌာန ပြောခွင့်ရှိသူ ရေနယ်လ်ဒိုင်ရွန်က ဖလင်း မည်သည့်အတွက်ကြောင့် အီရတ်၌ရှိသည်ကို မသိကြောင်း ပြောဆိုသည်။ ဖလင်း၏ ရုပ်အလောင်းကို ကနေဒါနိုင်ငံသို့ ပြန်လည်ပို့ပေးထားပြီး သေဆုံးရမှုနှင့် ပတ်သက်၍ စုံစမ်းလျက်ရှိသည်။ (အင်တာနက်)

အမေရိကန်ကလေး ၉၀ ကျော် တုပ်ကွေးရောဂါကြောင့် သေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၁၁

အမေရိကန်ကလေးငယ် ၉၀ကျော် တုပ်ကွေးဖြစ်ပြီး သေဆုံးသွားကြောင်း၊ သို့ရာတွင် ယင်းဖြစ်ပွားမှုသည် ယခုနှစ် တုပ်ကွေးရာသီ၌ ကူးစက်ဖြစ်ပွားမှု အခြေအနေ အမြင့်ဆုံးလက္ခဏာကိုပြကြောင်း ရောဂါထိန်းချုပ်ရေးဌာန(စီဒီစီ) ညွှန်ကြားရေးမှူး ဒေါက်တာဂျူလီဂျာဘာဒင်းက ကြာသပတေးနေ့၌ ပြောကြားသည်။ သူမက ပြည်နယ် ၃၈ပြည်နယ်တွင် တုပ်ကွေးကူးစက်ဖြစ်ပွားခဲ့ကြောင်း ပြောဆိုသည်။ အမ်အင်အေ၊ရိုက်တာ

ထိုးဖောက်ကစား

ဇန်နဝါရီ ၁၁ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန်ချက်စတာ ယူနိုက်တက်နှင့် နယူးကာဆယ်အသင်းတို့ပွဲတွင် မန်ယူမှတိုက်စစ်မှူး ရူဗင်နစ္စတယ်ရွိုင်း ထိုးဖောက်ကစားစဉ်။ (ယင်းပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်သွားသည်။) (ဓာတ်ပုံ–အင်တာနက်)

ကိုကင်းတစ်တန်နှင့် လူနှစ်ဦး ဂါနာ၌ ဖမ်းမိ

လန်ဒန် ဇန်နဝါရီ ၁၀

ဂါနာ မူးယစ်ဆေးဝါးနှိမ်နင်းရေး အရာရှိများသည် အက္ကရာမြို့ရှိ အိမ်တစ်အိမ်ကိုဝင်စီးရာ၌ ကိုကင်းတစ်တန်ကို သိမ်းဆည်းရမိပြီး လူနှစ်ဦးကို ဖမ်းဆီးခဲ့ရာတွင် နိုင်ငံခြားသားငါးဦး ပါဝင်ကြောင်း ဗြိတိသျှအကောက်ခွန် အရာရှိများက ကြာသပတေးနေ့၌ပြောကြားသည်။

ထိုသို့ ဝင်စီးရာ၌ ဗြိတိန်လေးဦး၊ ဂျာမန်တစ်ဦးနှင့် ဂါနာနှစ်ဦးကိုဖမ်းဆီးရမိခဲ့ပြီး ဒေါ်လာ ၁၄၅ သန်းဖိုးရှိ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရရှိခဲ့သည်ဟု ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဥာဏ်မြင် သမထဝိပဿနာ အလုပ်ပေးတရားကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ ဒုတိယလွှာတွင် ဇန်နဝါရီ ၁၅ရက်မှ ၂၄ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီး ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုင်းနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ကျန်းမာစေရန်အပြင် ပြည်သူများ ပိုမိုတိုးတက်ကြီးပွားစေရန်အတွက် ထိုင်းနိုင်ငံပြည်သူများနှင့် မိမိကဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

တောင်အာဖရိကသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တောင်အာဖရိကသမ္မတနိုင်ငံသမ္မတ မစ္စတာသာဘိုမြူယွယ်ဝါအမ်ဘီကီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ဇန်နဝါရီလ ၄ ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ မိမိနှင့်အတူ တောင်အာဖရိကသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူတို့က လှိုက်လှဲနွေးထွေးစွာ နှုတ်ခွန်းဆက်သပြီး ဝမ်းမြောက်ဂုဏ်ယူစွာ သဝဏ်လွှာပို့သပါကြောင်း ဖော်ပြပါရှိသည်။

အီတလီသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ်ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အီတလီသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ကာလိုအာဇေလီယိုချမ်ပီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံ မိမိနှင့် အီတလီပြည်သူများက ဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်။)

အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများမှ DFATM လက်ခံမည့် အဖွဲ့အစည်းများဆိုင်ရာအစည်းအဝေး ဝန်ကြီးတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အရှေ့တောင် အာရှဒေသဆိုင်ရာ နိုင်ငံများမှ DFATM လက်ခံမည့် အဖွဲ့အစည်းများဆိုင်ရာ အစည်းအဝေး (South East Asia Constistuency Meeting on the Global Fund)ကိုယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ခုခံကျ/ကာလသားရောဂါ၊ငှက်ဖျားရောဂါနှင့်တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်များမှ စီမံချက်မန်နေဂျာများ၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာ၊ အင်ဒိုနီးရှား၊ နီပေါ၊ ဘူတန်၊ ထိုင်း၊ အိန္ဒိယ၊ မော်လဒိုက်၊ အရှေ့တီမောနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ဘုတ်အဖွဲ့ဝင် Dr. Suwit Wibulpolprasert က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားပြီးဆုံးသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် Global Fund အစည်းအဝေးကို ၂၀၀၃ ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့ပြီး ယခု အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများမှ DFATM လက်ခံမည့်အဖွဲ့အစည်းများဆိုင်ရာ အစည်းအဝေးသို့ အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံရှစ်နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးကို ယနေ့မှစ၍ ဇန်နဝါရီ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဒေါ်မြင့်မင့်ကိုနှင့် ပါမောက္ခ ဒေါက်တာဒေါ်သန်းနုရွှေ၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက မှာကြားဆွေးနွေးပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး၍ ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲကြကြောင်း သတင်းရရှိသည်။ **(က–ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီနှင့် အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အမှာစကားပြောကြားကာ အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲကြကြောင်းသတင်းရရှိသည်။ **(က–ပ)**

ဖျော်ဖြေတင်ဆက်

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့နယ် အလက(၂)တွင် ကျောင်းသား ဆရာမိဘ ပညာရေးစုံညီပွဲတော် ကျင်းပရာ ဧည့်ပရိသတ်များအား သူငယ်တန်းမှ ကျောင်းသားကျောင်းသူလေးများက ငြိမ်းချမ်းရေးပန်းခင်းတေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (မြန်မာ့အလင်း)

ရပ်စောက်တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

၁၃၆၅ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ရပ်စောက်မြို့ ရဿဝတီခန်းမ၌ ဇန်နဝါရီ ၉ရက် မွန်းတည့် ၁၂နာရီတွင်ကျင်းပသည်။ ဗထူးတပ်နယ်မှူးဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဆွေက ဖတ်ကြားပြီး ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုးနှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာများ ဟောပြောကြသည်။ အလားတူပင် ဗထူးတပ်မြို့ အောင်ဆန်းခန်းမ၌ ဇန်နဝါရီ ၈ ရက် ည ၇ နာရီမှ ၁၀ နာရီအထိ စာပေဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ **(က–ပ)**

အလုံမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း ၂၀၀၃– ၂၀၀၄ ခုနှစ် ပညာရေး စုံညီပွဲတော်တွင် မြို့နယ်အဆင့် စတုတ္ထတန်းတွင်ကျောင်းလုပ်ငန်းနှင့် စာပေဘက်စုံ ထူးချွန်ဆု သုံးဆုနှင့် မြို့နယ်အဆင့် စာစီစာကုံးပထမနှစ်ဆုရ ကျောင်းသူ မသဉ္ဇာထွန်းအား မြို့နယ်ပညာရေးမှူး ဦးသာဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။(က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

● **ရှေ့ဖုံးမှ**

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအား အမှတ်တရ ပန်းစည်းများ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Menon တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယကနှင့် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအပြီးတွင် ကျင်းပသော ပွဲဦးထွက်ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

အခမဲ့ကြည့်ရှုနိုင်

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့ကြီးမှူးကျင်းပသော အသက် (၁၄) နှစ်နှင့်အောက်အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ယနေ့မှ ဇန်နဝါရီ ၂၀ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးရန် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ဖိတ်ခေါ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ အားကစားသမားများ ကွာတားဖိုင်နယ်အဆင့်တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၂

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့က ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲ ပထမနေ့ ပွဲဦးထွက်ပွဲစဉ်များကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ အမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ အားကစားသမားလေးဦး၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ အားကစားသမားတစ်ဦးတို့ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြသည်။

ယှဉ်ပြိုင်ကြမည်

အမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာ၊ အိုက်ကျော်ကျော်၊ ဇင်ဘိုနှင့် ဝင်းထက်ပိုင်၊ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ မိုးချစ်သဲတို့ ကွာတားဖိုင်နယ်အဆင့်သို့ အသီးသီးတက်ရောက်သွားရာ ကွာတားဖိုင်နယ်အဆင့်တွင် အမျိုးသားတစ်ဦးချင်းပွဲစဉ်များအဖြစ် မြန်မာမှ ဖြိုးမင်းသာနှင့် ပါကစ္စတန်မှ Babar၊ မြန်မာမှ အိုက်ကျော်ကျော်နှင့် မလေးရှားမှ Shanmugam၊ မြန်မာမှ ဇင်ဘိုနှင့် မလေးရှားမှ Kwang၊ မြန်မာမှ ဝင်းထက်ပိုင်နှင့် သီရိလင်္ကာမှ Dinesh Kan Than၊ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်တွင် မြန်မာမှ မိုးချစ်သဲနှင့် သီရိလင်္ကာမှ Arudpragasam တို့ အသီးသီးယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ဇန်နဝါရီ၁၃ရက်(ယနေ့)တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဒုတိယနေ့ပြိုင်ပွဲအဖြစ် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မှော်ဘီမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

တီးမှုတ်ယှဉ်ပြိုင်

ထိုသို့ ယှဉ်ပြိုင်ရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက လပခစစ်သည်၊ တပ်မတော်၊ ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော်၊ မြင့်မြတ်တဲ့ လပခ စစ်သည် စစ်ချီတေးများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ကမ်းရိုးတန်းရဲမက်စစ်သည်၊ ပြည်သူ့တပ်မတော်၊ ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော်၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ (၂) က အောင်ပွဲရတဲ့ဒို့စစ်သည်၊ တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းကိုယ်စားပြု စစ်တီးဝိုင်းက ဗိုလ်သင်တန်းကျောင်း စစ်သည်၊ ဒို့တပ်မတော်၊ ကျန်ရှိသေးသောတာဝန်တစ်ရပ်၊ ဒို့တပ်မတော်သား စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက အောင်ပွဲဆင့်မည့် နမခ စစ်သည်၊ လက်တွဲတူပျော်စစ်သည်တော်၊ ကျန်ရှိသေးသောတာဝန်တစ်ရပ်၊ ပြည်သူ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက စွန့်စားရဲရင့်အောင်ပွဲဆင့်၊ ဖန်နေဝန်း၊ ပေးအပ်အမိန့်နာခံထား ခြေမြန်တပ်မ ငါးဆယ့်ငါး၊ ထာဝစဉ်နုပျိုနေတဲ့ ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ တွဲဘက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အလှပြတီးမှုတ်ဖျော်ဖြေကြသည့် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မှော်ဘီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အားဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။**(သတင်းစဉ်)**

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ သုံးရက်တိုးမြှင့်ခင်းကျင်းပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ–၂၀၀၄ကို ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ဆန်စက်လုပ်ငန်းရှင်များနှင့် ပြည်သူအများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးလျက်ရှိသည့်အတွက် ပြပွဲကို ဇန်နဝါရီ ၁၄ရက်အထိ သုံးရက်ထပ်မံတိုးမြှင့်ကျင်းပမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ယခင်ရက်များအတိုင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထစ်ချုန်းဖွယ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၁၃–၁–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဦးဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ဒါးကတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ)(သင်္ချာ)
၁၇:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၂၅ ၇။ ခံစားနားဆင် တေးဇာတ်ဝင်
၁၇:၄၀ ၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၇:၅၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ Milo Success in Soccer
၁၉:၁၀ ၁၃။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၁၉:၂၅ ၁၄။ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသားကျောင်းသူများ ချီတက်သရုပ်ပြပွဲ(အပိုင်း–၁)
၁၉:၄၀ ၁၅။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "**တုံ့မယူလို**"(အပိုင်း–၁၃)
၂၀။ Calcio Serie A Highlight

နိကာယ်ငါးရပ်ဝင်ဓမ္မသာကစ္ဆာအဖွဲ့ချုပ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရွှေတိဂုံစေတီတော်(စနေထောင့်)၊ ရွှေတောင်ငွေတောင်တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏(၂၁)ကြိမ်မြောက် အဘိဓမ္မာ(သင်္ဂြိုဟ်/ဋီကာကျော်)နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းတည့် ၁၂ နာရီက ရန်ကင်းမြို့နယ်၊ ပဋ္ဌာနိကာယသာသနဗိမာန်ကျောင်းတိုက်တွင်ကျင်းပရာ ရှေးဦးစွာ အဖွဲ့ချုပ်ဩဝါဒါစရိယ ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ) ထံမှ ဩဝါဒနာယူကြသည်။

ယနေ့ဖြေဆိုသူဦးရေမှာ သင်္ဂြိုဟ် ၆၈ ဦး၊ ဋီကာကျော် ၁၆ ဦးနှင့် ဝိသုဒ္ဓိမဂ် ၂၃ ဦး စုစုပေါင်း ၁၀၇ ဦး ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

တွတ်တွတ်၏ မျက်နှာဖုံးကာတွန်းနှင့် ကာတွန်းမြင့်သိန်း၏ စံရွှေမြင့် ကာတွန်းဇာတ်လမ်း အပါအဝင် ဆရာပြည့်စုံ(သွေးသောက်)၊ ဆရာသာဂဒိုး၊ ဒေါက်တာခင်မောင်ညို၊ မြေဇာ၊ သုဝဏ္ဏကျော်စိန်၊ ဆာကြီးထိန်၊ ဇေရယ်၊ နွယ်တမယ်အောင်မြင့်၊ ကျော်ဖြိုးလွင်၊ အောင်ကောင်း၊ ကျော်သစ်၊ မောင်ရဲလူ၊ တနိုင်ခ၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဟာသအတွေးအရေးရုပ်ရှင်ဇာတ်လမ်းများဖြင့် "ဟာသ"ဂျာနယ် အတွဲ(၂) အမှတ်(၂၄)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉)၊ ကုန်သည်လမ်း ရန်ကုန်မြို့က ယနေ့ ဖြန့်ချိကြောင်း သိရသည်။

(အပေါ်ပုံ) (က–ပ)

● ဆလုံလူမျိုးများ၏ဘဝမှ

ငင်းလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာက မလေးကျွန်းဆွယ်များတွင် နေထိုင်ခဲ့ရာမှ မြန်မာ့ပင်လယ်ပြင်သို့ ရောက်ခဲ့ကြပြီး မြိတ်ကျွန်းစုအတွင်း မြိတ်မြို့နယ်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ မြန်မာ့ကမ်းလွန်ပင်လယ်တွင်းမှကျွန်းများတွင် နေထိုင်လေ့ရှိကြောင်း သိရသည်။

ထိုသို့ နေထိုင်ကြသည့် ဆလုံလူမျိုးတို့၏ လူနေမှုဘဝ၊ ဓလေ့ထုံးစံများ ဖော်ထုတ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်ကို တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု မကြိုဂလက်ကျေးရွာလေးတွင် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်ရန် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

ရည်ရွယ်ချက်မှာ တနင်္သာရီတိုင်း မြိတ်ကျွန်းစုတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာစေရန် ကော့သောင်းခရိုင်အတွင်း နေထိုင်ကြသော ဆလုံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ယဉ်ကျေးမှုများကို ဖော်ထုတ်မြှင့်တင်ပေးရန်နှင့်ဆလုံတိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းများ မြှင့်တင်ပေးရန်တို့ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းအတွင်း ရောက်ရှိနေကြသော သတင်းအဖွဲ့သည် ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပမည့် မကြိုဂလက်ကျေးရွာ ကလေးသို့ ထွက်ခွာလာကြသည်။

မိမိတို့ သတင်းအဖွဲ့လိုက်ပါလာသော အမြန်ရေယာဉ်ကြီးသည် ရေထုကိုခွဲ၍ တနင်္သာရီကမ်းရိုးတန်းအတိုင်း မြန်မာ့ကမ်းလွန်ပင်လယ်ပြင်ကြီးအတွင်း ခုတ်မောင်းနေသည်။ ထိုအချိန်၌ ကမ်းလွန်ပင်လယ်ပြင်ကြီးသည် ပကတိ ငြိမ်သက်ကြည်လင်လျက်ရှိပြီး လှိုင်းလေများကင်း၍ မြကမ္ဗလာကြီး ဖြန့်ခင်းထားသည့်နှယ် စိမ်းလဲ့၍နေသည်။ တနင်္သာရီတိုင်း၏ ကမ်းလွန်ပင်လယ်တွင် ကျွန်းပေါင်း ၈၀၀ ကျော် ရှိသဖြင့် ထိုကျွန်းများကို ပင်လယ်ပြင်အတွင်း ဟိုသည်တို့မှ တစ်ကျွန်းပြီးတစ်ကျွန်း တွေ့နေရသလို မိမိတို့စီးလာသည့် အမြန်ယာဉ်ကြီးကလည်း တစ်ကျွန်းပြီးတစ်ကျွန်း ဖြတ်ကျော်ခုတ်မောင်းနေသည်။

မြိတ်မှ ရေမိုင် ၇၀ ခန့်အရောက်တွင် ပင်လယ်ပြင်၌ ကျွန်းကြီးတစ်ကျွန်းကို တွေ့ရသည်။ မိမိတို့ သတင်းအဖွဲ့ကို ဆက်သွယ်ရေးအရာရှိအဖြစ် လိုက်ပါဆောင်ရွက်ပေးသူ မြိတ်မြို့မှ ဦးဝဏ္ဏက ရှင်းပြ၍ ထိုကျွန်းများသည် ဇီဝဇိုးငှက်ကလေးများ နေသည့် ငှက်သိုက်ကျွန်းများဖြစ်ကြောင်း သိရသည်။ ထိုငှက်သိုက်ကျွန်းကြီးများကို ကျော်လွန်သည်နှင့် ငါးကျွန်းဟုခေါ်သည့် ကျွန်းကြီးတစ်ကျွန်းကို ရှေ့တွင် ပင်လယ်နှင်းမှုန်များကြားမှ မှုန်ပြပြလှမ်းတွေ့ရပြန်သည်။ ထိုအချိန်တွင် အမြန်ရေယာဉ်မှ တာဝန်ရှိသူတစ်ဦးက မိမိတို့ သတင်းအဖွဲ့အား ငါးကျွန်းဝမှ လာကြိုနေသော စက်လှေတစ်စီးပေါ်သို့ ကူးပြောင်းစီးရမည်ဖြစ်ကြောင်း လာရောက်ပြောကြား၍ ထိုစက်လှေပေါ်သို့ ကူးခဲ့ရသည်။

ပုလဲကျွန်း

ဤသို့ဖြင့်မိမိတို့သတင်းအဖွဲ့သည် ပုလဲကျွန်းသို့ ရောက်ခဲ့ကြရပြန်သည်။ မိမိတို့သတင်းအဖွဲ့သည် ပုလဲကျွန်းမှ ကမ်းလွန်ပင်လယ်ကိုဖြတ်၍ ဒိမယ်ကျွန်းသို့ ရောက်ရှိသွားကြသည်။ ထိုဒိမယ်ကျွန်းမှ တစ်ဖန် ဝါးကျွန်း၊ ဝါးကျွန်းမှ ဆလုံပွဲတော်ကျင်းပရန် ပြင်ဆင်နေသည့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စုဝင် မကြိုဂလက်ကျေးရွာကလေးသို့ ဇန်နဝါရီ ၅ ရက်က ရောက်ရှိသွားကြသည်။

ဆလုံရွာ

မကြိုဂလက်ဟူသော ဆလုံရွာကလေးသည် တနင်္သာရီတိုင်း ကမ်းလွန်ပင်လယ်ပြင် ကျွန်းပေါင်း ၈၀၀ ကျော် ရှိသည့်အနက် မြိတ်ကျွန်းစုတွင် ထင်ရှားပြီး International Past အဖြစ်ဆောင်ရွက်မည့် ကန်ပိကျွန်းကြီးနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။

ထိုနေ့က မိမိတို့ သတင်းအဖွဲ့ရောက်ရှိချိန်တွင် ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးလှရွှေ (ကော့သောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး)ကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် တွေ့ရသည်။

မိမိတို့သတင်းအဖွဲ့သည် ဆလုံရိုးရာပွဲတော် ကျင်းပမည့် မကြိုဂလက် ကျေးရွာကလေးအတွင်း ဝင်ရောက်လေ့လာပြီးနောက် ဆလုံတိုင်းရင်းသားရိုးရာပွဲတော် အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးလှရွှေအား တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးလှရွှေက မိမိ၏ကော်မတီတွင် အတွင်းရေးမှူးဖြစ်ပြီး ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ကြောင်း။

တည်ဆောက်နေ

မကြိုဂလက် ရွာကလေးသည် ပင်လယ်ပြင်အတွင်းက ကျွန်းကလေးတစ်ကျွန်းဖြစ်၍ သောက်သုံးရေရှားကြောင်း၊ နိုင်ငံတော်က ရေချိုတွင်းများ တူးပေးခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ စိမ့်စမ်းရေများ ရှာဖွေခြင်းတို့ကို ဆောင်ရွက်ပေးထားပါကြောင်း၊ ယခု ပွဲတော်ကျင်းပရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါမှာ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့က တာဝန်ယူ တည်ဆောက်နေကြောင်း အခြေခံပညာ မူလတန်းကျောင်း တည်ဆောက်ရေး၊ အခမ်းအနားပွဲတော် ကျင်းပမည့်စင်မြင့် တည်ဆောက်ရေး၊ နားနေဆောင်များ တည်ဆောက်ရေး၊ သန့်စင်ခန်းများ တည်ဆောက်ရေး၊ နိုင်ငံခြားသား ဧည့်သည်တော်များအတွက် ဆလုံအိမ်များ တည်ဆောက်ရေး၊ ပွဲတော်လာပြည်သူများအတွက် ရေဆင်းတံတားတည်ဆောက်ရေး၊ ရိုးရာနတ်စင် တည်ဆောက်ရေး စသည့် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများအားလုံး ဇန်နဝါရီ ၁၅ ရက်တွင် အပြီးဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြောပြသည်။

မိမိတို့ သတင်းအဖွဲ့သည် ဆက်လက်၍ မကြိုဂလက် ကျေးရွာတွင် ဆလုံ အမျိုးသမီးကလေးတစ်ဦးနှင့် အိမ်ထောင်ကျ၍ ကလေးနှစ်ယောက်ထွန်းကားပြီး လက်ရှိ ကျေးရွာ၌ တစ်ရွာချင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေသော မြန်မာလူမျိုး ဦးနေမျိုးထွန်းအား တွေ့ဆုံ၍ မေးမြန်းခဲ့ရာ ဦးနေမျိုးထွန်းက "မကြိုဂလက်ကျေးရွာတွင် အိမ်ထောင်စုဦးရေ စုစုပေါင်း ၁၀၀ ရှိကြောင်းနှင့် လူဦးရေ ၃၇၁ ယောက်ရှိကြောင်း၊ ဆလုံစစ်စစ်လူမျိုးက အိမ်ထောင်စု ၄၄ စုရှိပြီး လူဦးရေ ၁၅၂ ယောက် ရှိကြောင်း၊ ဆလုံမြန်မာက အိမ်ထောင်စု ၃၉ စုနှင့် မြန်မာစစ်စစ်က ၁၇ စု ရှိကြောင်း၊ ၎င်းတို့ရွာကလေးတွင် ဆလုံရိုးရာပွဲတော် ပြုလုပ်ပေးရန် တာဝန်ရှိသူတို့ စီစဉ်နေတာ သိကြောင်း၊ ဆလုံစကားလည်း မိမိတတ်ကြောင်း၊ မိမိတို့ကျေးရွာက မြန်မာလို မတတ်သည့် ဆလုံများကို မိမိက ပွဲတော်ကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းပြပါကြောင်း၊ ဆလုံရိုးရာ ပွဲတော်ကို မိမိတို့ကျေးရွာမှာ လာရောက်ကျင်းပပေးရန် စီစဉ်နေခြင်းကို ဆလုံများက ဝမ်းသာနေကြောင်း၊ ကျေးရွာနှင့် ဆလုံလူမျိုးတို့အတွက် တိုးတက်လာမည်ဟု ထင်ပါကြောင်း၊ မိမိအနေဖြင့် ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်ကြီးတွင် ပင်လယ်တွင်းက ဆလုံတိုင်းရင်းသားများ တက်ရောက်ရေးအတွက် ကူညီစည်းရုံးပေးသွားရန်စီစဉ်နေပါကြောင်း" ပြောကြားသည်။

ဆက်လက်၍ သတင်းအဖွဲ့၏ အမေးကို ဦးနေမျိုးထွန်းက ဖြေကြားရာမှာ "ဆလုံလူမျိုးများဟာ ယခင်က ဟိုဘက်ကမ်း လန်ပိကျွန်းမှာ တစ်စုနှင့် ယခု မကြိုဂလက်တွင် တစ်စု နှစ်စု ရှိကြောင်း၊ ၁၉၉၅ ခုနှစ် ရောက်တော့ လန်ပိကျွန်းက ဆလုံတွေ ယခု မကြိုဂလက်သို့ ပြောင်းလာပြီး တစ်စုတည်းလာနေကြကြောင်း၊ အဲဒီတုန်းက ဆလုံတွေများကြောင်း၊ ၂၀၀၀ ပြည့်နှစ်လောက်မှာ တချို့ဆလုံတွေ ပင်လယ်ပြင်ကို ပြန်ထွက်သွားသဖြင့် ဆလုံစစ်စစ်ဆို၍ ရွာမှာ ၁၅၂ ဦးသာ ကျန်ခဲ့ကြောင်း။

ဆလုံတို့ရဲ့ အဓိကလုပ်ငန်းမှာ ပင်လယ်ပြင်ထွက် ငါးဖမ်းခြင်းဖြစ်ကြောင်း၊ ကင်းမွှန်မျှားခြင်း(ပြည်ကြီးငါးမျှားခြင်း)၊ ပင်လယ်မျှော့တို့၊ တမ်ပချုပ်တို့ ငုပ်ခြင်း၊ ခရုငုပ်ခြင်းများပင် ဖြစ်ကြောင်း၊ သူတို့လုပ်သည့် လုပ်ငန်းတွေက စီးပွားရေး မဟုတ်ကြောင်း၊ ဆလုံလူမျိုးတွေဟာ လောဘမကြီးကြကြောင်း၊ သူတို့ဟာ စားမယ်၊ သောက်မယ်၊ ပျော်ပျော်ပါးပါးနေမယ်၊ သဲပေါ်မှာအိပ်မယ်ဆိုတဲ့ အလေ့ပဲရှိကြောင်း၊ အများစုက ရွှေငွေဆိုတာ မမက်ကြကြောင်း၊ စားဖို့သာ ရှာကြကြောင်း၊ ယခင်က အခြားလူမျိုးများဖြင့် မဆက်ဆံခင်က ဆလုံလူမျိုးများရဲ့ ဓလေ့မှာ တစ်နေရာတည်းတွင် အကြာကြီးမနေကြကြောင်း၊ သူတို့မှာ ခေါင်းဆောင်ရှိကြောင်း၊ သူတို့ ခေါင်းဆောင်သွားတဲ့နောက် အကုန်လိုက်သွားတတ်ကြကြောင်း၊ သူတို့ရဲ့ လှေများကိုလည်း ကုန်းပေါ်မှာတင်မနေစေရန် သတိထားကြကြောင်း၊ ရေငုပ်သွားလျှင် လှေကိုလည်း အမြဲလိုက်ရွှေ့တတ်ကြကြောင်း၊ သူတို့ခရီးထွက်လျှင် လူမသိအောင် ထွက်တတ်ကြကြောင်း ပြောပြသည်။

ဖော်ဆောင်ပြသမည်

ဆလုံတိုင်းရင်းသားရိုးရာပွဲတော်တွင် လက်ဆောင် အပြန်အလှန်ပေးအပ်ခြင်းများ၊ ဆလုံများ ရေငုပ်၊ ငါးမျှားခြင်း၊ ကနူးလှေစီးခြင်း၊ ရွက်လွှင့်ခြင်း၊ ဆင်စီးခြင်း၊ ငှက်သိုက်ရှာခြင်းနှင့် ဆလုံရိုးရာအိမ်နှင့် လှေတည်ဆောက်မှု အဆင့်ဆင့်အား ရိုးရာဇာတ်ပွဲများနှင့် အဓိပ္ပာယ်ရှင်းလင်းချက်များ၊ ရိုးရာအက၊ တေးသီချင်း၊ ပုံပြင်ဓလေ့ မှတ်တမ်းများ ရှာဖွေစုဆောင်းပြသခြင်း၊ တစ်ဦးချင်းရေငုပ်ပြိုင်ပွဲများ၊ လှေလှော်ပြိုင်ပွဲများ၊ လှေပေါ် နပန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆလုံများသည် ရှိပြီးဖြစ်သော ရိုးရာစကားများ၊ နတ်ပွဲများ၊ နာရေးအခမ်းအနားများ သီဆိုတီးမှုတ်ကခုန်သည့် ဓလေ့များရှိသည်ဖြစ်၍ ထိုဓလေ့များကိုလည်း ဖော်ထုတ်ပြသခြင်း၊ ဆလုံများ၏ နေ့စဉ်လုပ်ငန်းများဖြစ်သည့် လှေဆောက်၊ လှေလှော်၊ ရေငုပ်၊ ခရုရှာ၊ ပုလဲငုပ်၊ မျှော့ရှာ၊ အခြောက်လှန်း စသည့် နေ့စဉ်လုပ်ငန်းများအား ကကွက်ဖော်ခြင်း၊ ရိုးရာနတ် ပသပူဇော်ပုံများ ပျော်ရွှင်စွာ ဝိုင်းဖွဲ့မြူးတူးကခုန်ကြပုံများကိုလည်း ကကွက်ဖြင့် ဖော်ဆောင်ပြသရန် စီစဉ်ထားဖြစ်သည်။

အစားအသောက်များတွင် ဆလုံတို့၏ စားသောက်နေကျ ငါးကင်၊ မျှော့ဟင်း၊ ခရုဟင်း၊ ဟင်းချို၊ ကြွေဥ စသည့်ဟင်းများ၊ ဒေသထွက် ယမကာများ၊ အုန်းသီးအုန်းရည် စသည့် ရိုးရာအစားအသောက်များ ရောင်းချခြင်း၊ ဌာနဆိုင်ရာများ၏ ပြခင်းပြကွက်တွင် ပညာရေး၊ ကျန်းမာရေး၊ တည်ဆောက်ရေး၊ မွေးမြူရေး၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများ၊ နှစ်ရှည်ပင် စိုက်ပျိုးရေး၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး၊ တစ်ကိုယ်ရေကျန်းမာရေး စောင့်ရှောက်ရေး လုပ်ငန်းများကို ပြခန်းများဖွင့်၍ ပြသခြင်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံဆလိုက်၊ ဗီဒီယိုများပြသ၍ လက်တွေ့ပညာပေးလုပ်ငန်းများပြသွားမည်ဟု သိရသည်။

မိမိတို့သတင်းအဖွဲ့သည် တွေ့ဆုံမေးမြန်းပြီးနောက် ရွာအတွင်းမှ ဆလုံတို့နေအိမ်များ၊ နေထိုင်ပုံဓလေ့များ၊ ဆလုံလှေနှင့် ပွဲတော်အတွက် ပြင်ဆင်နေမှုများကို ဓာတ်ပုံမှတ်တမ်းများရယူပြီး ကမ်းနားပြန်ရောက်ချိန်၌ ဆလုံလှေငယ်ကလေး ၂၀ ခန့်ကို ပင်လယ်ပြင်သွား စက်တပ်လှေတစ်စင်းက ရှေ့မှဆွဲသွားသည်ကိုတွေ့၍ မေးကြည့်ရာ ဆလုံအမျိုးသမီးများ ကင်းမုံ (ပြည်ကြီးငါး) မျှားရန် ပင်လယ်သို့သွားခြင်းဖြစ်သည်ဟု သိရသည်။ သူတို့လေးတွေသည် ပင်လယ်ပြင်၌ တစ်ညလုံး ငါးမျှားကြမည်။ နောက်နေ့မှ ပြန်လာကြမည်ဟု သိရသည်။ ပင်လယ်ပြင်ကပြန်ရောက်လျှင် ငါးရောင်းရသော ငွေကလေးများဖြင့် (သူတို့အခေါ် ကြေးပြား)ဖြင့် ဆန်ဝယ်မည်၊ ထမင်းချက်မည်၊ ဟင်းချက်မည်၊ မိသားစု ဝိုင်းဖွဲ့စားမည်။ (ဆလုံများသည် သားသမီးကလေးများကို အရင်ကျွေးလေ့ရှိပြီး လူကြီးမိဘများက နောက်မှစားသည်ဆို၏။) နောက် သဲပေါ်တွင်အိပ်ကြမည်။ နောက်တစ်နေ့ ပင်လယ်ပြန်ထွက်၍ ငါးရှာကြမည်။ ပင်လယ်သည်သာ သူတို့အတွက် ထာဝရအားထားရာဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)



MMRD Publications Services က ထုတ်ဝေဖြန့်ချိ လိုက်သည့် ရန်ကုန် - မန္တလေး ပညာရေးလမ်းညွှန် ၂၀၀၃-၂၀၀၄ စာအုပ်မျက်နှာဖုံး။ (က-ဝ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဝမ်ချိုင်းနှင့်ရွှေဆိုင်းသရေပွဲဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက နောက်ဆုံးနေ့အဖြစ် သုဝဏ္ဏပိုက်ကျော်ခြင်းရုံ၌ ဆက်လက်ကျင်းပရာ နာမည်ကြီး ဝမ်ချိုင်း(မြဝတီ)နှင့် လက်ရှိချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ)တို့ ငါးချီ ရေကုန်ရေခန်း ထိုးကြသော်လည်း တစ်ဦးကိုတစ်ဦး ထိထိမိမိမရှိကြသဖြင့် သရေပွဲဖြင့် ပွဲသိမ်းလိုက်ရသည်။

(မြန်မာ့အလင်း)

❐ စိုက်ပျိုးရေးနည်းပညာမှ

လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် စိုက်ပျိုးမြေ ငါးဧက တစ်ယူနစ်အခမဲ့ ပေးမည်ဖြစ်ကြောင်း၊ အခြားဝန်ကြီးဌာနအချို့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်၍ အဆိုပါ ညောင်နှစ်ပင်ဒေသ၌လုပ်ကိုင်ဆောင်ရွက်နေကြောင်း ဦးမြဝင်းက ဆက်လက်ပြောကြားသည်။

ထွက်ရှိလာသော ဟင်းသီးဟင်းရွက်များကို ပြည်သူများ စားသုံးနိုင်ရေးအတွက် အခွန်လွတ်ဈေးများမှ တစ်ဆင့် ရောင်းချပေးလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးပိုလျှံသည့် ဟင်းသီးဟင်းရွက်များကို အခြောက်ခံ၍ ပြည်ပသို့ တင်ပို့ရောင်းချရန်၊ ဟင်းသီးဟင်းရွက် အခြောက်ခံစက်ရုံတစ်ခု တည်ဆောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရန် နည်းပညာပိုင်း အရေးကြီးကြောင်း၊ နည်းပညာပိုင်းနှင့် ပူးတွဲစိုက်ပျိုးနိုင်ပါမှ အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်များ ထွက်ရှိနိုင်ကြောင်း၊ အဆိုပါ စိုက်ပျိုးနည်း နည်းပညာများကိုလည်း သင်တန်းများ ဖွင့်လှစ်၍လည်းကောင်း၊ စိုက်ပျိုးတောင်သူများ တစ်ဦးချင်းအလိုက်သော် လည်းကောင်း၊ နည်းပညာများ၊ အကြံဉာဏ်များ ပေးလျက်ရှိသည်ဟု ဦးမြဝင်း၏ ပြောကြားချက်အရ သိရသည်။

နည်းပညာဖြန့်ဝေ

ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်းပညာသင်တန်း ခြောက်ကြိမ်တွင် သင်တန်းသား ၃၀၈ ဦးအား မြန်မာ့စိုက်ပျိုးနည်းပညာများ ဖြန့်ဝေပေးနိုင်ခဲ့သည်ဟု သိရသည်။

အဆိုပါ ညောင်နှစ်ပင်ဒေသ၌ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ စိုက်ပျိုးမြေ ၁၂၃ ဒသမ ဝ၈ ဧကကို ကြီးကြပ်လုပ်ကိုင်လျက် ရှိသည်။ ဟင်းသီးဟင်းရွက် စိုက်ဧက ၇၁ ဧက၊ စပါးလင်ဆီမွှေး ၅၀ ဧကနှင့် Green Houseခေါ် ဆန်ခါရုံစိုက်ခင်း နှစ်ဧက ရှိကြောင်း သိရသည်။

စိုက်ပျိုးဖြစ်ထွန်း

ဟင်းသီးဟင်းရွက် စိုက်ဧကတွင် ဂေါ်ဖီထုပ်၊ ဖရဲ၊ ပီလောပီနံ၊ ကြက်ဟင်းခါး၊ ပိန်းဥ၊ ပြောင်းချို၊ ဟင်းစားပြောင်း၊ တိုင်လွတ်ပဲ၊ ခရမ်း၊ ရုံးပတီ၊ စင်တင်သီးနှံဖြစ်သည့် ဘူး၊ ဖရုံ၊သခွား၊ ခရမ်းချဉ် စသော သီးနှံမျိုး စုံအောင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်ကိုတွေ့ခဲ့ရသည်။

ဟင်းသီးဟင်းရွက်များ အချိန်အခါမရွေး ရရှိနိုင်စေရန် ဆန်ခါရုံစက်ခင်းခေါ် Green House ၂၄ ခုလည်း စိုက်ပျိုးဖြစ်ထွန်းလျက် ရှိသည်ကို တွေ့ရသည်။ ယင်းဟင်းသီးဟင်းရွက်စိုက်ခင်းများအနက် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နေသည့် ဂေါ်ဖီထုပ်စိုက်ပျိုးမှုမှာ အထူးအောင်မြင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဂေါ်ဖီစိုက်ဧက ၁၀ ပေါ်တွင် T657 ဂေါ်ဖီမျိုးများ စိုက်ပျိုးထားရာ ထယ်နှစ်စပ်၊ ထွန်နှစ်စပ်၊ ခါးတစ်စပ်ဖြင့် မြေယာပြုပြင်ရသည်။ တစ်ဧက မြေဩဇာအသုံးပြုမှုမှာ ထုံး ကီလိုဂရမ် ၂၅၀၊ တီစူပါ ကီလိုဂရမ် ၅၀၊ ပိုတက် ကီလိုဂရမ် ၅၀ တို့အပြင် သဘာဝမြေဩဇာဖြစ်သည့် နွားချေး၊ကြက်ချေး စသည်တို့ကိုလည်း သုံးစွဲထားသည်ဟု သိရသည်။စတင်စိုက်ပျိုးသည့်မှလေးလအကြာတွင် ဈေးကွက်သို့ ရောင်းချနိုင်သည့် ဂေါ်ဖီထုပ်များ ရရှိပြီး တစ်ဧကလျှင် ဂေါ်ဖီထုပ် တစ်သောင်းနှင့် ငါးရာ ထုတ်လုပ်နိုင်သဖြင့် စီးပွားရေးအရ တွက်ချေကိုက်သီးနှံဖြစ်ကြောင်း သိရသည်။

မိုးသီးနှံ

၂၀၀၃-၂၀၀၄ ခုနှစ် အတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်မှာ မိုးသီးနှံ ၁၃ မျိုးကို စိုက်ဧက ၁၀၀ ပေါ်တွင် ၆၆၈ တန် ထွက်ရှိစေရန် စိုက်ပျိုးမည်ဟု သိရသည်။

ထို့အတူ ဆောင်းသီးနှံ ၁၄ မျိုးကို ဧက ၁၀၀ ပေါ်တွင် ၂၀၂ တန်ထွက်ရှိအောင် စိုက်ပျိုး၍ နွေသီးထပ်အဖြစ် သီးနှံ ၁၆ မျိုးကို ဧက ၅၀ ပေါ်တွင် ၁၇၈ တန် ထွက်ရှိအောင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။

သုတေသနပြု

ဟင်းသီးဟင်းရွက် သုတေသနလုပ်ငန်းများအဖြစ်ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်ခြံတွင် ဖရုံ၊ ကြက်ဟင်းခါး၊ ငရုပ်စပ်၊ ဂေါ်ဖီထုပ်၊ သခွားမွှေး၊ သခွား၊ ခရမ်း၊ ဟင်းစားပြောင်း၊ ခရမ်းချဉ်၊ ပန်းဂေါ်ဖီ၊ စင်တင်ဗူး အစရှိသော သီးနှံများကို မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် သုတေသနပြုလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်ဇုန်စိုက်ပျိုးရေးခြံ၏ဆောင်ရွက်မှုများသည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ နည်းပညာခေတ်မီဖြစ်ထွန်းစေမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စာအုပ်များလှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၂

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာပိဋကတ်စာကြည့်တိုက်ကြီးကို မေလ ၃ရက် (ကဆုန်လပြည့်၊ ဗုဒ္ဓနေ့)တွင် ဖွင့်လှစ် နိုင်ရေးအတွက် ပိဋကတ်စာကြည့် တိုက်ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ စာကြည့်တိုက်ကြီးအတွက် လိုအပ်သော ဗုဒ္ဓကျမ်းစာအုပ်များနှင့် ဘာသာရေးစာအုပ်များ၊ သုတရသ စာအုပ်များ၊ ရှေးဟောင်း ပေပုရပိုက်များ၊ စာကြည့်တိုက်သုံး ပရိဘောဂ ပစ္စည်းများလိုအပ်လျက်ရှိရာ စေတနာရှင်၊ ပါရမီရှင်များအနေဖြင့် စာအုပ် စာတမ်းများ၊ အလှူငွေများကို အသင်းတည်ရာ ဆူးလေစေတီ ရင်ပြင်နှင့်ရုံးဖုန်း–၃၇၈၄၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**

သားငါးပွဲ့ဖြိုး ပြည်အကျိုး

ပြည်သူ့အကျိုးသယ်ပိုးရန် သွားဘက်ဆိုင်ရာဆရာဝန်ညီလာခံ

ဒေါက်တာကျော်ညွှန့်(ကျန်းမာရေးဦးစီးဌာန)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ (၂၄)ကြိမ်မြောက် ညီလာခံနှင့် ပဉ္စမအကြိမ် FDI-MDA Joint Educational Meeting ကို ၂၀၀၄ ခုနှစ်ဇန်နဝါရီလ ၂၈ရက်မှ ၃၁ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင်ယခင်နှစ်များကဲ့သို့ပင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းသည် ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်း၍ အသင်းဝင် သွားဘက်ဆိုင်ရာဆရာဝန်များ၏ ပညာရပ်ဆိုင်ရာ တိုးတက်မှုအတွက် ပူးတွဲအစည်းအဝေးများပါ တစ်ပေါင်းတည်း ကျင်းပနိုင်ပြီဖြစ်သည်။ ဥက္ကဋ္ဌနှင့်အမှုဆောင်အဆက်ဆက် လက်ဆင့်ကမ်း၍ အသင်းကြီး၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် အသင်းကြီး၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ အကြိမ် (၂၀)မြောက် ညီလာခံ နောက်ပိုင်းမှစ၍ အသင်းကြီး၏ ဆောင်ရွက်ချက်များသည် သိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် အကြိမ်(၂၀)မြောက်သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းညီလာခံမှစ၍ နိုင်ငံတကာသွားဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သော FDIနှင့် ပညာပိုင်းဆိုင်ရာစည်းဝေးပွဲများကို ပူးတွဲ၍ ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။ FDI နှင့် ပညာရပ်ဆိုင်ရာပူးတွဲ၍ အစည်းအဝေးများ ကျင်းပခဲ့သည်မှာ ယခုအကြိမ်နှင့်ပါဆိုလျှင် ငါးကြိမ်မြောက်ရှိပြီ ဖြစ်ပေသည်။ နှစ်စဉ်လည်း နိုင်ငံခြားအဖွဲ့အစည်းများမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ လာရောက်ဟောပြောပို့ချခဲ့ကြသည်။ တစ်နှစ်ထက်တစ်နှစ်လည်း ပိုမိုများပြားလာသည်။ ယခုလည်း (၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံတွင် ပြည်တွင်းမှ သွားဘက်ဆိုင်ရာဆေးပညာရှင် ၁၂ဦးနှင့် နိုင်ငံတကာမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင် ရှစ်ဦးတို့က သွားဘက်ဆိုင်ရာ ဆေးပညာနှင့်ပတ်သက်၍ ဘာသာရပ်အလိုက်စာတမ်းများ၊ သုတေသနစာတမ်းများစသည်ဖြင့် စာတမ်း ၂၀ကျော် ဖတ်ကြား တင်သွင်းကြမည် ဖြစ်ပေသည်။ နိုင်ငံတကာမှပညာရှင်များတွင် စင်ကာပူနိုင်ငံမှတစ်ဦး၊ အိန္ဒိယနိုင်ငံမှ နှစ်ဦး၊ အင်္ဂလန်နိုင်ငံမှ တစ်ဦး၊ ဟောင်ကောင်မှတစ်ဦး၊ သြစတြေးလျနိုင်ငံမှတစ်ဦး၊ မလေးရှားနိုင်ငံမှတစ်ဦး၊ ဂျပန်နိုင်ငံမှ တစ်ဦး စုစုပေါင်း ရှစ်ဦးပါဝင်၍ သွား၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်မှုနှင့် ဆိုင်သော ဘာသာရပ် (Oral & Maxillofacial Surgery)၊ သွားဘက်ဆိုင်ရာဆေးပညာဘာသာရပ်(Oral Medicine)၊ သွားများ ညီညာလှပအောင်ပြုပြင်ခြင်း (Orthodontic Dentistry)၊ သွားများအား အလှပြုပြင်ခြင်း (Asthetic Dentistry)နှင့် နောက်ဆုံးပေါ် သွားဘက်ဆိုင်ရာဆေးဝါး ပစ္စည်းကိရိယာများနှင့် အသုံးပြုပုံများကို စာတမ်းဖတ်ကြားတင်သွင်းကြမည်ဖြစ်ရာ မြန်မာနိုင်ငံမှသွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် အတွေ့အကြုံ ဗဟုသုတပညာ များစွာရရှိမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများအတွက် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်စေရန် သွားဘက်ဆိုင်ရာဆရာဝန်များ ပိုမိုမွေးထုတ်နိုင်ရေးအတွက် ယခုအခါ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခုအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးခဲ့သော သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်းမှာ ၁၄၁၄ ဦး ရှိပြီဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအောက်တွင် တာဝန်ထမ်းဆောင်၍ ပြည်သူလူထုအား သွားကျန်းမာရေး စောင့်ရှောက်မှုပေးနေသော သွားဘက်ဆိုင်ရာဆရာဝန်မှာ ၃၈၄ ဦးရှိသည်။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်ခုတွင် တာဝန်ထမ်းဆောင်နေကြသော သွားဘက်ဆိုင်ရာ ဆရာဝန်ပေါင်း ၅၈ဦးရှိသည်။ ကျန်အများစုဖြစ်သော သွားဘက်ဆိုင်ရာ ဆရာဝန်များမှာ ကိုယ်ပိုင်ဆေးကုခန်းများ၊ သမဝါယမဆေးခန်းများ ဖွင့်လှစ်ကုသခြင်းဖြင့် တစ်ဖက်တစ်လမ်းက ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းများကို ကူညီပံ့ပိုးပေးနေကြသည်။

ပြည်သူများအတွက် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဖြစ်ပွားနေသောရောဂါများအား ကုသရေး၊ ရောဂါများမဖြစ်ပွားအောင် တားဆီးကာကွယ်ရေးနှင့် အောက်ခြေကျေးလက်ဒေသနေ ပြည်သူများအထိ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပြန့်ပွားအောင် ဆောင်ရွက်ရေးတို့သည် အဓိကကျသောလုပ်ငန်းများ ဖြစ်သည်။ ကုသရေးလုပ်ငန်းများတွင် ပြည်သူများအဆင့်မီမီ ကုသမှုခံယူနိုင်ရေးအတွက် နိုင်ငံတော်က တန်ဖိုးကြီးမားလှသော ခေတ်မီသွားကုစက်ခုံများ၊ သွားဘက်ဆိုင်ရာ ဆေးဝါးပစ္စည်းများ၊ ကိရိယာများကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဆေးရုံများ၊ ဒေသန္တရကျန်းမာရေးဌာနများနှင့် ကျောင်းကျန်းမာရေးဌာနများသို့ ထောက်ပံ့ပေးလျက် ရှိသည်။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အနေဖြင့်လည်း သက်ဆိုင်ရာမြို့နယ်များအတွင်း ကျောင်းသားကျောင်းသူများ၏ သွားကျန်းမာရေး စစ်ဆေးကုသပေးခြင်းနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုအသိပညာရရှိရေးအတွက် ပညာပေးလုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းကလည်း ၂၀၀၃ခုနှစ်အတွင်း ကိုးလ်ဂိတ်သွားတိုက်ဆေးကုမ္ပဏီ၏ အထောက်အပံ့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မူလတန်းကျောင်းပေါင်း ၄၀ကျော်မှ မူလတန်းကျောင်းသားများအား သွားတိုက်ဆေး၊ သွားပွတ်တံများ ဝေငှခြင်း၊ ကျောင်းသူကျောင်းသား ၁၀၀၀၀ကျော်တို့အား သွားနှင့်ခံတွင်း ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ပြုလုပ်နိုင်ခဲ့သည်။

(၂၄)ကြိမ်မြောက် သွားဘက်ဆိုင်ရာဆရာဝန်အသင်း ညီလာခံတွင် ဆေးကုမ္ပဏီပေါင်း ၁၄ ခုကလည်း နောက်ဆုံးပေါ် ခေတ်မီသွားကု စက်ခုံများ၊ ဆေးဝါးများ၊ ရောဂါရှာဖွေရေး အထောက်အကူပြုပစ္စည်းများကို ခင်းကျင်းဖွင့်လှစ်ပြသကြမည်ဖြစ်ရာ အသင်းဝင်သွားဘက်ဆိုင်ရာဆရာဝန်များအနေဖြင့် သွားဘက်ဆိုင်ရာ ဆေးဝါးပစ္စည်းကိရိယာများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိ အသုံးပြုနိုင်ကြမည် ဖြစ်ပေသည်။

သွားရောဂါကုသမှုနှင့်ပတ်သက်၍ အခြားနိုင်ငံများတွင် စရိတ်စကကြီးမားလှသော်လည်း မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအတွက်မူ လွယ်ကူ၍ သက်သာချောင်ချိစွာ ကုသမှုခံယူနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် သွားရောဂါဖြစ်ပွားမှုနှုန်းမှာ များပြားလျက်ပင် ရှိပေသေးရာ လျော့နည်းကျဆင်းသွားရေးအတွက် အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းပါဝင်၍ ဝိုင်းဝန်းပံ့ပိုးကူညီကြရမည် ဖြစ်ပေသည်။

အသင်းဝင် သွားဘက်ဆိုင်ရာ ဆရာဝန်များသည် ပြည်သူများအား သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင်ပြည်သူလူထု၏အကျိုးကို ရှေးရှုအလေးထား၍ သင့်တင့်မျှတသော သက်သာချောင်ချိသောနှုန်းထားများဖြင့် စေတနာပါပါဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပေသည်။

ကာကွယ်၍ရသော ရောဂါများအနက် သွားနှင့်ခံတွင်း ရောဂါများသည်လည်း အပါအဝင်ဖြစ်ရာ မိမိတို့၏သွားများကို သန့်ရှင်းအောင် ဂရုစိုက်စောင့်ရှောက်ခြင်းဖြင့် Teeth for Life အသက်ရှင်နေသရွေ့ သွားများခိုင်ခံ့နေမည် ဖြစ်ပေသည်။

ပြည်သူလူထုအပိုင်းကလည်း သွားနှင့်ခံတွင်းရောဂါ ကာကွယ်နည်းများအကြောင်းကို လေ့လာသိရှိသဘောပေါက်၍ လိုက်နာကျင့်သုံးရန် လိုအပ်သည်။

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏အသင်းသူအသင်းသားများအနေဖြင့် နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တာဝန်သိသိ စေတနာရှိရှိဖြင့် တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီပံ့ပိုးရင်း ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်းရောဂါများ လျော့နည်းကျဆင်းပပျောက်အောင် ဝိုင်းဝန်းကြိုးစားကြပါစို့ဟု တိုက်တွန်းရေးသားအပ်သည်။ ။

မဟာဆုတောင်းပြည့်စေတီတော်မြတ်ကြီးအတွက်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက် ရွှေညောင်ပင်ကျောင်းတိုက်တွင် ဆရာတော်ဦးဝါယမဦးစီး၍ တည်ထားကိုးကွယ်ပူဇော်နေဆဲဖြစ်သော မဟာဆုတောင်းပြည့် စေတီတော်မြတ်ကြီးအတွက် ကွမ်းတောင်တိုက်နှင့် ပင်မစေတီတော်ကြီး ၂၅သိန်း၊ မုခ်ဦးတစ်ခု ၁၀သိန်း လေးမုခ်၊ စေတီတော်တိုက်ခန်း တစ်ခန်းငါးသိန်း ရှစ်ခန်း၊ ပိန္နဲတိုင်တစ်လုံးသုံးသိန်းငါးတိုင်၊ တတိယပစ္စယာတစ်ဖက်နှစ်သိန်းလေးဖက်၊ ဒုတိယပစ္စယာ တစ်ဖက်သုံးသိန်း လေးဖက်၊ ပထမပစ္စယာတစ်ဖက် လေးသိန်းလေးဖက်တို့ လိုအပ်နေပါသဖြင့် အလှူရှင်များ ဖုန်း– ၀၅၃–၂၅၇၀၃၊ ၂၅၇၀၄မှ ရွှေညောင်ပင်ကျောင်း လိုင်းခွဲ ၁၅၆တို့သို့ အချိန်မီလှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရန်ကင်းမြို့နယ် အလက(၆) ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြက အဋ္ဌမတန်းကျောင်းသူ မဇင်ပြုံးခိုင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။

(က–ပ)

စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်မှုကို အထောက်အကူပြုစေရန်နှင့် နိုင်ငံသားတိုင်း အဆင့်မြင့်စီမံခန့်ခွဲမှုပညာရပ်များကို လွယ်လင့်တကူ တက်ရောက်သင်ကြားနိုင်ရန် နိုင်ငံတကာအဆင့်မီ နိုင်ငံတကာ အသိအမှတ်ပြု Diploma အောင်လက်မှတ်များ ရရှိစေရန်၊ နိုင်ငံတကာ တက္ကသိုလ်များ၌ ဆက်လက်သင်ကြားနိုင်ရန် ရည်ရွယ်လျက် Thames Management Centre, Yangon (Myanmar) ၌ စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၎င်းသင်တန်းများကို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများမှစ၍ စီမံခန့်ခွဲ လုပ်ကိုင်နေသူများအားလုံး တက်ရောက်နိုင်ပြီး သင်တန်းများပြီးဆုံးပါက University of Cambridge Local Examinations Syndicate မှ Diploma အောင်လက်မှတ်များနှင့် ဘာသာရပ်တစ်ခုချင်းအတွက် Singapore Thames International မှ Certificate of Achievement များ ရရှိမည်ဖြစ်ကြောင်း သိရသည်။

Diploma in Business Administration သင်တန်း တန်းခွဲသစ်များကို ဇန်နဝါရီ ၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအားလုံးသည် အမှတ်၂၂၀၊ ၂၂၂ ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန် ဖုန်း–၂၉၆၈၂၉၊ ၂၀၀၃၄၃၊ ၂၀၃၁၈၈ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၄ ရက်က အမက(၁၅) ကမာရွတ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်လှိုင်က စတုတ္ထတန်းပထမဆုရ မောင်ကျော်သူဇင် နှင့် တတိယတန်းပထမဆုရ မခင်သူဇင် တို့အား ချီးမြှင့်စဉ်။

(က–ပ)

ဇန်နဝါရီ ၃ ရက်က အလက(၅) မင်္ဂလာဒုံ ပညာရေးစုံညီပွဲတော် ဘာသာရပ် ထူးချွန်ပြိုင်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင်က တတိယတန်း ဘာသာစုံပထမဆုရ ကျောင်းသူ မစိမ့်ရွှန်းလဲ့မိုးအား ဆုချီးမြှင့်စဉ်။ (က–ပ)

ဆရာကြီး ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)ကွယ်လွန် (၁၉၁၆-၂၀၀၄)



အဖ ဦးစံ-အမိ ဒေါ်ခင်တိုးတို့မှ ၁၂၇၈ ခုနှစ်၊ ဝါဆိုလဆုတ်(၃) ရက် (၁၇-၇-၁၉၁၆) တွင် မွေးဖွား၍ အမည်ရင်းမှာ ဦးတင်မောင် ဖြစ်သည်။ အဘိုးမှာ သီပေါဘုရင်၏ စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်နှင့် အဘွားမှာ သုသီရိဂန္ဓာဘွဲ့ခံ ယင်းမာချောင်းခင်လေး ဖြစ်သည်။

၁၉၃၅ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်၌ သင်ကြားပြီး ၁၉၃၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။

မန္တလေး ဥပစာကောလိပ်ကျောင်းသားသမဂ္ဂ နှစ်ပတ်လည် မဂ္ဂဇင်း၌ "မောင်ထင်ကြီး"ဟူသော ကလောင်အမည်ဖြင့် "ကုသနှင့်ကျွန်တော်" ဟာသ ဆောင်ပါးကို ရေးပြီး ပထမဆုံးပုံနှိပ်စာလုံးဖြင့် ဖော်ပြခြင်း ခံရသည်။

မန္တလေးဥပစာကောလိပ်၌ရှိစဉ် မန္တလေးသူရိယ သတင်းစာနှင့် NEW Burmaအင်္ဂလိပ်သတင်းစာတို့၏ သတင်းထောက်အဖြစ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံအစိုးရ ပညာတော်သင်အဖြစ် သတင်းစာပညာမဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်ပြည်ထောင်စု မင်နီဆိုတာတက္ကသိုလ်မှရရှိခဲ့သည်။အိုးဝေနေ့စဉ်သတင်းစာ အယ်ဒီတာချုပ်၊ ပြင်သစ်သတင်းဖြန့်ချိရေးအုပ်ချုပ်ရေးမှူး၊ စာပေဗိမာန် မဂ္ဂဇင်းအယ်ဒီတာ၊ ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ပြင်သစ်နိုင်ငံ ယူနက်စကို ဌာနချုပ်၌ စီစဉ်ရေးကျွမ်းကျင်ပုဂ္ဂိုလ် (Programme Speciaslist)အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်၌ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေဗိမာန်အဖွဲ့ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရာမှ ၁၉၇၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

၁၉၇၆-၁၉၈၁ ခုနှစ်အထိ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ စည်းရုံးရေးကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၈၅ ခုနှစ်မှ စတင်ပြီး ပညာရေးဝန်ကြီးဌာန မြန်မာစာအချိန်ပြည့်အဖွဲ့ဝင်ဖြစ်ပြီး ၁၉၉၁ ခုနှစ်၌ မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင်အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၁၉၉၂ ခုနှစ်အတွက် သုတပဒေသာ (ဝိဇ္ဇာ) အမျိုးသားစာပေဆုကို "မြန်မာနိုင်ငံသတင်းစာများအညွှန်း" (ပထမတွဲနှင့် ဒုတိယတွဲ)ဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုချီးမြှင့်ခြင်းခံရသည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် အရှေ့တောင်အာရှစာပေဆု (SEA Write Award) ကို ချီးမြှင့်ခြင်းခံရသည်။ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ပထမဆင့်)ချီးမြှင့်ခြင်းခံရသည်။

ဆရာကြီး ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)သည် (၁၁-၁-၂၀၀၄) ရက်နေ့ နံနက် ၇ နာရီတွင် ကွယ်လွန်သည်။

နေရပ်လိပ်စာမှာ အမှတ်(၈)၊ ဇီဇဝါဥယျာဉ်၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်ဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်ခင်ခင်နွဲ့ ကျန်ရစ်သည်။ **(သတင်းစဉ်)**

ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ အခြေအနေမှန်ကိုသိရှိနားလည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ပြီး ပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမတွင်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ရဲအရာရှိကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ပါမောက္ခချုပ် ဗိုလ်မှူးကြီး ဝင်းမောင်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ နည်းပြအရာရှိများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ပါဝင်ဆောင်ရွက်

ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာတွင် ရဲအရာရှိများအထူးမွမ်းမံသင်တန်းကို အမှတ်စဉ်(၁)မှ (၁၂)အထိ သင်တန်းသားအရာရှိ စုစုပေါင်း၂၉၈၂ဦး အောင်မြင်စွာ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးဘာသာရပ်များအပြင် ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းတာဝန်များပါ ထည့်သွင်းပို့ချသွားမှာဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်၏ပကတိ အခြေအနေမှန်ကို သိရှိနားလည်ကာ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ပြီး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၁၅ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ၃၀နှင့် အကျဉ်းဦးစီးဌာနမှ ငါးဦး စုစုပေါင်းသင်တန်းသား ၂၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်ထုတ် စာအုပ်များဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်ဟူသော ဆောင်ပုဒ်နှင့်အညီ စာကောင်းစာမွန်များကိုသာ ရွေးချယ်ထုတ်ဝေလျက်ရှိသည့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က အောက်ပါစာအုပ်ကောင်းများကို နှစ်သစ်အကြို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆင်ဖြူကျွန်းအောင်သိန်း၏ အမေအဖေဝတ္ထုများ

အမေအဖေတို့၏ဘဝ၊ အမေ အဖေတို့၏အလှကို ရသပီပီပြင်ပြင် သရုပ်ဖော်ခြယ်မှုန်းထားသည့် မိဘတိုင်း၊ သားသမီးတိုင်း မဖြစ်မနေဖတ်ရှုသင့်သောစာအုပ်၊ စာမျက်နှာ ၂၅၀ ကျော်၊ စက္ကူချော၊ သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် ရောင်းဈေးကျပ် ၆၀၀ဖြစ်သည်။

နုယဉ်၏ချစ်ပန်းနွယ်ကဗျာပေါင်းချုပ်

စာရေးသက် နှစ်ပေါင်း ၇၀ ခန့်ရှိပြီဖြစ်သော အမျိုးသားစာပေဆုများ၊ စာပေဗိမာန်ဆုများ၊ အကြိမ်ကြိမ်ရရှိခဲ့သည့် စာရေးဆရာ၊ ကဗျာဆရာမကြီး နုယဉ်၏ လက်ရွေးစင်ကဗျာ ၁၁၉ ပုဒ်ကို အတွင်းသရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် လှလှပပ သပ်သပ်ရပ်ရပ် စီစဉ်ထားသည်။ ရောင်းဈေးကျပ် ၆၀၀ဖြစ်သည်။

မြင်းမူမောင်နိုင်မိုး၏ လောကနီတိကဗျာများ (မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ)

လောကနီတိဟူသည်မှာ လောကလူသားတို့ သိမှတ်လိုက်နာအပ်သည့် လူမှုကျင့်ဝတ်နှင့် လူမှုစည်းကမ်းများဆိုင်ရာ ထုတ်ဖော်လမ်းညွှန်ချက်များဖြစ်သည်နှင့်အညီ လူကြီး၊ လူငယ်၊ လူလတ်အရွယ်မရွေး ဖတ်ရှုနိုင်ရန်အတွက် အမျိုးသားစာပေဆု လေးဆုရ စာရေးဆရာ၊ ကဗျာဆရာ မြင်းမူမောင်နိုင်မိုး သီကုံးဖွဲ့နွဲ့သည့် ကဗျာ ၁၂၈ ပုဒ်ကို ဆရာအမေ့သားက အင်္ဂလိပ်ဘာသာပြန်ဆိုသီကုံးထားသည်။ အထူးသဖြင့်ကလေးသူငယ်များ မူကြို၊ မူလတန်းကလေးများ အလွယ်တကူ ဖတ်ရွတ်နိုင်ရန်အတွက် သံပေါက်စပ်၊ လင်္ကာစပ်၊ ဒွေးချိုးစပ်၊ တြိချိုးစပ် အစရှိသည့် ကဗျာစပ်နည်းများဖြင့် မြန်မာ့မူ မြန်မာ့ဟန်မပျက် သွက်သွက် လက်လက် ဖွဲ့ဆိုသီကုံးထားသည်။ လေးရောင်ပန်းချီသရုပ်ဖော် ဝေဝေဆာဆာဖြင့် ရောင်းဈေးကျပ် ၇၀၀ ဖြစ်သည်။

ကိုရိုး၏ အမေ့ကိုပူဇော်ခြင်း

သားသမီးတို့အတွက်ဆိုလျှင် အမေသည် ခွန်အားကြီး၏၊ အမေသည် တန်ခိုးကြီး၏၊ အမေသည် သတ္တိကြီး၏၊ ထို့ပြင် အမေသည် သားသမီးတို့အတွက်ဆိုလျှင် မင်းသမီးလည်း ဖြစ်၏၊ မင်းသားလည်း ဖြစ်၏၊ စစ်သည်တော်လည်း ဖြစ်၏၊ လူရွှင်တော်လည်း ဖြစ်၏၊ ဖြစ်ခြင်းများစွာကို ချစ်ခြင်းများစွာဖြင့် ဖန်ဆင်းနိုင်စွမ်းရှိသော အမေ၏ဂုဏ်၊ အမေ၏အလှ၊ အမေ၏ဘဝကို စာရေးဆရာ ကဗျာဆရာကိုရိုးက ကဗျာ ၂၃ ပုဒ်၊ စာပဒေသာ ၂၃ပုဒ်ဖြင့် ထူးထူးခြားခြား လှလှပပရေးဖွဲ့ပူဇော်ထားသည့် စာအုပ်ကောင်းတစ်အုပ်။ ရောင်းဈေး ကျပ် ၅၀၀ ဖြစ်သည်။

ကြူကြူသင်း၏ ရွှေတံခါးကြီးဖွင့်ပါဦးနှင့် အခြားပြဇာတ်များ

အစဉ်အလာကြီးမားခဲ့သော မြန်မာပြဇာတ်စာပေဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အမျိုးသားစာပေဆုရ စာရေးဆရာမကြူကြူသင်းက လူ့ အမူအရာ၊ လူ့စရိုက်၊ သိမ်မွေ့သော မေတ္တာ၊ ငွေကြေးချမ်းသာမှုနှင့် စိတ် ချမ်းသာမှု စသည်တို့ကို အသော အထေ့ကလေးများ၊ သရော်ချက် ကလေးများဖြင့် ကြည်နူးရွှင်လန်းဖွယ်၊ သင်ခန်းစာယူဖွယ်ဖြစ်အောင် နုနု လွှင်လွှင်ကလေး ခြယ်မှုန်းရေးဖွဲ့ထား သည့် ဘဝသရုပ်ဖော်ပြဇာတ်၁၂ပုဒ်၊ စာမျက်နှာ ၂၀၀ ကျော်၊ ကာတွန်း မောင်ဝဏ္ဏ၏သရုပ်ဖော်ပုံများဖြင့် ရောင်းဈေးကျပ်၅၀၀ဖြစ်သည်။

ဝယ်ယူရရှိနိုင်သည့်နေရာဌာနများ

နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ဖုန်း- ၃၇၄၅၃၂၊ ၇၂၅၅၃၀၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် အခြား စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ နှီးနှောဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က တင်ပြဆွေးနွေးကြမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲ ပထမပိုင်းအစီအစဉ်ကို စတင်ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာ ဒေါက်တာတင်ထွန်းဦးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးမောင်လှိုင်(မောင်ဆွေငယ်)နှင့် ဦးဝင်းမော်(Forever)တို့ကဆောင်ရွက်ကြသည်။ အခမ်းအနားမှူးအဖြစ် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် စာရေးဆရာမ ဒေါ်ရင်မြိုင် (မိုးပန်းမွှန်-ရာမည)တို့က ဆောင်ရွက်ကြသည်။ ဆက်လက်၍ သဘာပတိ စာရေးဆရာ ဒေါက်တာ တင်ထွန်းဦးက စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ထို့နောက် စာတမ်းရှင်ဦးကြိုင်မြင့်(မောင်ရန်ရှင်း)က 'ဖြန့်ချိသူကဏ္ဍ' စာတမ်းကိုလည်းကောင်း၊ ဦးမျိုးမြတ်သူက မြန်မာအီလက်ထရွန်နစ်စာအုပ် 'e-Book'နှင့်ပတ်သက်သည့် စာတမ်းကိုလည်းကောင်း ဖတ်ကြား တင်သွင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည် ဆွေးနွေးဖြေကြားကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပထမပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဒုတိယပိုင်း

နှီးနှောဖလှယ်ပွဲဒုတိယပိုင်းအစီအစဉ်များကို ညနေပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာမကြီး ဒေါ်စောမုံညင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စာရေးဆရာမကြီး ဒေါ်ကြန်နှင့် စာရေးဆရာဦးသိန်းညွန့်(ညွန့်ဝေ-ကသာ)တို့က ဆောင်ရွက်ကြပြီး သဘာပတိက စာတမ်းရှင်များအား ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ထို့နောက် စာတမ်းရှင်ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က 'သုတကဏ္ဍ' စာတမ်းကိုလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)က 'ကဗျာကဏ္ဍ'စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိလိုသည့် မေးမြန်းချက်များကို စာတမ်းရှင်က ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် သဘာပတိ စာရေးဆရာမကြီး ဒေါ်စောမုံညင်းက နိဂုံးချုပ်အမှာစကား ပြောကြားကာ နှီးနှောဖလှယ်ပွဲကို ရပ်နားလိုက်သည်။

ဆက်ကျင်းပမည်

အဆိုပါ နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၃ ရက်(ယနေ့)အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ ရက်က လှိုင်သာယာ မြို့နယ် အမက(၂၄) ကျန်စစ်သား အိမ်ရာကျောင်းတွင် ပညာရေး စုံညီပွဲတော်၊ မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်း ပထမဆုရ မောင်အောင်ကိုကို ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က ဆုချီးမြှင့်စဉ်။

(က-ပ)

အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ မြို့တော်စည်ပင်အသင်းအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက တံခွန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဇန်နဝါရီ ၁၃ရက် ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးအသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကော်မတီက ကြီးမှူး မွေးရာပါချို့တဲ့ဝေဒနာရှင်များ ကုသရေးအလှူငွေပေး၊ ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် မွေးရာပါချို့တဲ့ဝေဒနာရှင်များ ကုသရေးအတွက် အလှူငွေပေးအပ်ခြင်းနှင့် ဆေးရုံကြီးများသို့ ဆေးပဒေသာပင်လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ၉ရက် နံနက် ၈နာရီက ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်၍ အလှူငွေများ လက်ခံရယူကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်းရှိမွေးရာပါချို့တဲ့ဝေဒနာရှင်များအား ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ပြည်သူလူထု၏ ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ခွဲစိတ်ကုသမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့၊ ဆေးဝါးကုသမှုအတွက် ကုန်ကျသည့်ငွေကြေးထောက်ပံ့လှူဒါန်းပေးသည့် စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီအနေဖြင့် အဆင့်ဆင့်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက သက်ဆိုင်ရာဒေသရှိ မွေးရာပါချို့တဲ့ဝေဒနာရှင်များအား စာရင်းကောက်ယူဖော်ထုတ်ပြီး အခမဲ့ ဆေးဝါးကုသနိုင်ရေး ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စေတနာရှင်၊ အလှူရှင်များက ရန်ကုန်တိုင်း အတွင်းရှိ မွေးရာပါချို့တဲ့ဝေဒနာရှင်များအား ဆေးဝါးကုသနိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးဝင်းမြင့် Central Development Co., Ltd.က ငွေကျပ် ၁၀သိန်း၊ သီဟသုခမွေမဏ်ဓောတရေ ဦးဇေယျာသူရမွန်–ဒေါ်ခိုင်ခိုင်မြင့် Gungul Engineering and Fresh Aircon က အလှူငွေကျပ် ၆၄၇၅၀၀၊ ဦးဇော်ဇော်နိုင် (မေခလာကုမ္ပဏီလီမိတက်)က အလှူငွေကျပ် ၃၅၀၀၀၀၊ ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ငြိမ်းချမ်းရေးယာဉ်လိုင်း ကြီးကြပ်မှု ကော်မတီက အလှူငွေကျပ်နှစ်သိန်း၊ အဏ္ဏဝါ ရေလုပ်ငန်း ဦးပိုင်လီမိတက် ဦးအဏ္ဏဝါ Trade Park Co.,Ltd.၊ ဦးလှသိန်းနှင့်အဖွဲ့ ကျိုတော်ရပ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးတင်ဝင်း(၄၅လမ်း)၊ ဦးအောင်အောင်(ရွှေမိသားစု)၊ ဒေါ်စိန်အောင်သံဆန်ခါလုပ်ငန်းတောင်ဥက္ကလာပ စက်မှုဇုန်၊ ဒေါက်တာဇော်ထွန်း အိုလံပစ်ဆောက်လုပ်ရေး၊ တော့စတားကုမ္ပဏီလီမိတက်၊ ရွှေကမ္ဘာမောင်မောင်ကုမ္ပဏီလီမိတက်၊ ဒေါ်ခင်အုန်းမြင့်(ပွင့်ဖြူစားသောက်ဆိုင်)သဃ်္ဃန်းကျွန်း၊ ဦးကျော်တင့်ဥက္ကဋ္ဌ(သာကေတစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ)၊ ဦးအောင်ကြည် (GFQ)၊ ဦးသိန်းထွန်းယူနီကာလာဗလာစာအုပ်၊ ဦးစိန်လှဝင်း(သဃ်္ဃန်းကျွန်း)၊Propalties ငါး၊ ပုစွန်ရောင်းဝယ်ရေး၊ ဦးငြိမ်း–ဒေါ်အုန်းကျင် အိုကေဆန်ပွဲရုံနှင့် ဦးမျိုးလွင်–ဒေါ်စန်းစန်းဝင်းတို့က အလှူငွေကျပ်တစ်သိန်းစီ အပါအဝင်အလှူရှင်၄၅ဦးတို့က စုစုပေါင်းအလှူငွေကျပ် ၄၈၈၇၅၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေး၊ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာလှမြင့်တို့က အသီးသီး လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းအတွင်း မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ခွဲစိတ်ကုသမှုအတွက် ကုန်ကျစရိတ်များကို ပေးအပ်ရာ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ဆေးရုံများအတွက် ဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းစီကို ပေးအပ်လှူဒါန်းကြရာရန်ကုန်အရှေ့ပိုင်းဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံအုပ်ကြီးဒေါက်တာလှအောင်၊ တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မူမူညိုနှင့် သဃ်္ဃန်းကျွန်း စံပြဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီးတို့က လက်ခံရယူကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီကကြီးမှူးကျင်းပသည့်မွေးရာပါချို့တဲ့ဝေဒနာရှင်များ ကုသရေးအတွက်အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံယူစဉ်။(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက်၏ (၂၃) ကြိမ်မြောက် မဟာဒုက်ဘုရားပူဇော်ပွဲနှင့် တရားပွဲ၊ ပင့်သံဃာတော်အပါး ၁၂၀၀ ကျော်တို့ အားစာရေးတံမဲဖြင့် အိမ်စဉ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၀ရက်က ဓမ္မာရုံရှေ့ရှိ မင်္ဂလာမဏ္ဍပ်မုခ်ဦးတွင်ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ဗုဒ္ဓဝေယျာဝစ္စအဖွဲ့ ဦးစီးနာယက ဦးလှရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပခုက္ကူအသင်း(ရန်ကုန်)၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးပူဇော်ပွဲ၊ ပခုက္ကူအသင်းဝင်များ၏ ၂၀၀၂–၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရှင် သားသမီးများနှင့် ၂၀၀၃ခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရအသင်းဝင်များ ဂုဏ်ပြုပွဲနှင့်အတူ ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်သက်ကြီးများ၊ ဂုဏ်ထူးရှင်များ၊ ဆုရအသင်းဝင်များ၏ သားသမီးသည် ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ၅၃၅၄၉၆၊ ဒု–ဥက္ကဋ္ဌ ဦးမျိုးဆန်း ၃၇၀၉၆၁၊ ဦးသန်းမြင့် ၆၄၂၄၄၅၊ ၆၄၂၉၃၀၊ အတွင်းရေးမှူး ဦးချစ်လှိုင် ၃၇၂၃၃၀တို့သို့ အထောက်အထားမိတ္တူများနှင့် စာရင်းပေးပို့ရန်၊ ပခုက္ကူနယ်သူနယ်သားများ တက်ရောက်ကြရန်နှင့် အသင်းမဝင်ရသေးသူများ အသင်းဝင်နိုင်ကြောင်း သိရသည်။

(က–ပ)

ရှပ်ရှင်အောင်လံမဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

ကိုရဲဇော် စုစည်းတည်းဖြတ်သည့် ရှပ်ရှင်အောင်လံမဂ္ဂဇင်း ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလထုတ် အမှတ်(၅၆၇)ကို တနင်္သာရီစာပေ အမှတ်၅၃ မြေညီထပ် ဖို့မြေလမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၉၁၆၀၁က အကယ်ဒမီအချပ်ပိုများ ဝေဝေဆာဆာဖြင့် ဖြန့်ချိလိုက်သည်။**(ယာပုံ)(က–ပ)**

ဆုချီးမြှင့်

ရွှေပြည်သာမြို့နယ် နေ့ကလေးထိန်းကျောင်း နှစ်ပတ်လည်အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁၀ရက်က အဆိုပါနေ့ကလေးထိန်းကျောင်းတွင် ကျင်းပ ပြုလုပ်ရာ ကျောင်းအုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌစီမံကိန်းမန်နေဂျာ ဦးသိန်းဆွေက ဆုရရှိသော ကလေးငယ်များအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

English (U.M.N) အင်္ဂလိပ်စကားပြောသင်တန်းက ပြည်တွင်းပြည်ပ နေရာအသီးသီး၊ အခြေအနေအမျိုးအမျိုးအတွက် အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်ရန် စနစ်တကျသင်ကြားပြီး Grammarစစ်စစ်ဖြင့် အရေးအသား၊ ဘာသာပြန်၊ စာမေးပွဲဝင်ခွင့်၊ မေးခွန်းပုံစံ၊ မေးဖြေဘာသာရပ်များအား ခေတ်မီသင်ကြားနည်းဖြင့် သင်ကြားမည်ဖြစ်သည်။

ထို့ပြင် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံခြားသွားမည့် သူများအတွက်နှင့် တစ်ဦးချင်းသင်၊ တစ်လသင်တန်း၊ အိမ်အရောက်သီးသန့်သင်တန်းများနှင့် ရုံးဝန်ထမ်းများအတွက် စနေ၊ တနင်္ဂနွေ တန်းခွဲသစ်များ အထူးအစီအစဉ်အဖြစ် နွေရာသီကလေးတန်း သီးသန့်တန်း ခွဲများကိုပါ ဖွင့်လှစ်ပေးမည်ဖြစ်ရာ အမှတ် ၁၅၄ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၇၀၈၅၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

အမှတ် ၁၄၉ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်နေ ဒေါ်ခင်စန်း (Ambo ˚Co.,˚Ltd)က ငွေကျပ်တစ်သိန်းကို နာရေးကူညီမှုအသင်း (ရန်ကုန်) သို့ လှူဒါန်းရာ ဥက္ကဋ္ဌဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာချီးမြှင့်စဉ်။

(က–ပ)

ဂုဏ်ပြုဆုပေး

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂)၏ ပညာရေး စုံညီပွဲတော်နှင့် ဆုနှင်းသဘင်ကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် စံပြပထမဆုရ မောင်ဆန်းမင်းထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုက စံပြစလွယ်နှင့် ဂုဏ်ပြုဆုပေးအပ်စဉ်။ (၂၅၉)

■ **ကျောဖုံးမှ**

အောင်ဆန်း အားကစားပြိုင်ကွင်း၌ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည့် ကာလများဆီက ပရိသတ် ကွင်းပြည့်ကွင်းလျှံ အားပေးကြည့်ရှုခဲ့ကြသည်။ အောင်ဆန်း အားကစားပြိုင်ကွင်းအတွင်း ကြိုတင်ဝင်ရောက်မှသာ ကြည့်ရှုရန် နေရာရနိုင်သည်ဖြစ်ရာ မွန်းလွဲပိုင်းကတည်းက ကြိုတင်၍တဖွဲဖွဲ လာရောက် ကြည့်ရှုကြသော ပရိသတ်များဖြင့် အထူးစည်ကားခဲ့ပေသည်။

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲသည် ပရိသတ်အားပေးမှုများပြားရုံသာမကဘဲ မျိုးဆက်သစ် ဘောလုံးသမားများ မွေးထုတ်ပေးရာ ဘူမိနက်သန်နေရာလည်း ဖြစ်ခဲ့ပေသည်။ မြန်မာ့ဘောလုံး ရွှေခေတ်ကာလက ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲများမှ မွေးထုတ်ပေးလိုက်သော မြန်မာ့လက်ရွေးစင် ဘောလုံးသမား အကျော်အမော်များပေါ်ထွက်ခဲ့ရာ လက်ညှိုးထိုးမလွဲဟု ဆိုရပေမည်။

ရွှေခေတ်ကာလ

မြန်မာ့ဘောလုံး ရွှေခေတ်ကာလတွင် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲမှ မွေးထုတ်ပေးလိုက်သူများအနက် ဗဟာဒူး၊ လှဌေး၊ အေးမောင်ကြီး၊ အေးမောင်လေး၊ စိန်ဝင်းကြီး၊ စိန်ဝင်းလေး၊ သန်းဝင်း၊ ဆပ်သီး(ခ)သန်းစိုး၊ တင်စိန်၊ ကိုကိုကြီးစသော ဘောလုံးသမားများသည် အထင်ကရပင်ဖြစ်ခဲ့သည်။

သည်ဘက်ဆယ်စုနှစ်ကာလဆိုပါလျှင် မျိုးလှိုင်ဝင်း၊ သန်းတိုးအောင်စသော ဘောလုံးသမားများသည် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲများတွင် ရန်ကုန်တိုင်း ကိုယ်စားပြုကစားရင်း ထင်ပေါ်လာ ခြင်းဖြစ်သည်။ ပြီးခဲ့သော (၂၂)ကြိမ် မြောက်အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲဝင် မြန်မာ(ယူ–၂၃) အသင်းမှ ကျော်သူရ၊ဇော်လင်းထွန်း (၂)၊ကျော်ခိုင်ဝင်းနှင့် လာကဲအိုလွယ်တို့သည်လည်း ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲမှ ပေါ်ထွက်လာသူများပင်ဖြစ်သည်။

(၄၉)ကြိမ်မြောက်

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲများ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၄၉)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲများကို ပုံမှန်အားဖြင့် ဇန်နဝါရီ ဒုတိယပတ်၌ စတင်ပြီး ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် နောက်ဆုံးဗိုလ်လုပွဲ ကျင်းပလေ့ရှိသည်။ ပြည်ထောင်စုနေ့တွင် အနိုင်ရဗိုလ်စွဲသွားသောအသင်းအား ပြည်ထောင်စုဒိုင်းကြီး ချီးမြှင့်ပေးအပ်သည်။ သို့သော်လည်း ပြီးခဲ့သည့် (၄၈)ကြိမ်မြောက် ပြိုင်ပွဲမှ စတင်၍ နောက်ဆုံး ဗိုလ်လုပွဲကို ပြည်ထောင်စုနေ့အစား ဖေဖော်ဝါရီ ၉ ရက်သို့ သုံးရက်ရှေ့တိုး၍ ကျင်းပခဲ့သည်။ ထိုသို့ရက်စော၍ ကျင်းပရခြင်းမှာ ပြည်ထောင်စုဒိုင်း ရရှိသောအသင်းသည် ပြည်ထောင်စုဒိုင်းကြီးကို ပြည်ထောင်စုနေ့အမီ မိမိတို့၏ ပြည်နယ်/တိုင်းသို့ သယ်ဆောင်ကာ ဒေသခံပြည်သူများနှင့်အတူအောင်ပွဲခံနိုင်စေရန်ဖြစ်သည်။

ဇုန်နှစ်ခုခွဲ

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း(အလွတ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲကို ပထမအဆင့်အုပ်စုပွဲစဉ်များကို အထက်မြန်မာပြည်ဇုန်နှင့် အောက်မြန်မာပြည်ဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ အထက်မြန်မာပြည် ဇုန်(မုံရွာမြို့)၌ အုပ်စု(က)နှင့် အုပ်စု(ခ)ပွဲစဉ်များကိုလည်းကောင်း၊ အောက်မြန်မာပြည် ဇုန် (ဟင်္သာတမြို့)၌ အုပ်စု(ဂ)နှင့် အုပ်စု(ဃ)ပွဲစဉ်များကိုလည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုလေးစု

ပြိုင်ပွဲဝင် ၁၆ သင်းကို အုပ်စုလေးစုခွဲထားရာ အုပ်စု(က)တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်း၊ အုပ်စု(ခ)တွင် တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်း၊ အုပ်စု(ဂ)တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ကချင်ပြည်နယ်၊အုပ်စု(ဃ)တွင်ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်

အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၁၄ ရက်၌ စတင်ကျင်းပမည်ဖြစ်ရာ အထက်မြန်မာပြည်ဇုန် (မုံရွာမြို့) ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၄ ရက်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်၊ ဇန်နဝါရီ ၁၅ ရက်တွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မန္တလေးတိုင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် မန္တလေးတိုင်းနှင့် ကရင်ပြည်နယ်၊ ဇန်နဝါရီ ၁၉ ရက်တွင် ပဲခူးတိုင်းနှင့် ချင်းပြည်နယ်၊ ဇန်နဝါရီ ၂၀ ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ကရင်ပြည်နယ်၊ ဇန်နဝါရီ ၂၁ ရက်တွင် တနင်္သာရီတိုင်းနှင့် ချင်းပြည်နယ်၊ ဇန်နဝါရီ ၂၂ ရက်တွင် ကယားပြည်နယ်နှင့် မန္တလေးတိုင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဇန်နဝါရီ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အောက်မြန်မာပြည်ဇုန် (ဟင်္သာတမြို့) ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၄ ရက်တွင် မကွေးတိုင်းနှင့် ဧရာဝတီတိုင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဇန်နဝါရီ ၁၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်၊ ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်တိုင်းနှင့်မွန်ပြည်နယ်၊ ဇန်နဝါရီ ၁၈ ရက်တွင် ကချင်ပြည်နယ်နှင့် မကွေးတိုင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ ဇန်နဝါရီ ၂၀ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် မကွေးတိုင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် ရန်ကုန်တိုင်းနှင့် ရခိုင်ပြည်နယ်၊ ဇန်နဝါရီ ၂၂ရက်တွင် ဧရာဝတီတိုင်းနှင့် ကချင်ပြည်နယ်၊ ဇန်နဝါရီ ၂၃ ရက်တွင် ရှမ်းပြည် နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်၊ ဇန်နဝါရီ ၂၄ ရက်တွင် ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဇန်နဝါရီ ၂၅ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိလည်းကောင်း၊ အကြို ဗိုလ်လုပွဲစဉ်များကို ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်မှ နောက်ဆုံးဗိုလ်လုပွဲအထိ ပွဲစဉ်များကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် 'အလင်းရောင်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ပြုလုပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှေအိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် လက်ရှိချန်ပီယံ ရှမ်းပြည်နယ်(တောင်ပိုင်း) ဘောလုံးအသင်း လေ့ကျင့်ခြေစမ်းကြစဉ်။ (မြန်မာ့အလင်း)

ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ် ၁၉၇၄–၈၀ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ဗဟန်းအားကစားကွင်းအနီး "M-3" စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဦးစိုးဝင်း ဖုန်း– ၀၉–၅၀–၀၀၈၈၆၊ ၂၄၁၉၂၅၊ ၃၇၁၅၅၆၊ ဦးဝင်းနိုင် ဖုန်း–၆၄၁၃၂၁၁၊၀၉–၉၉–၂၃၈၄၈၊ ဦးအောင်ကျော်ဝင်း ဖုန်း–၆၆၃၈၄၀၊ ၇၀၃၈၀၀၊ ဒေါ်မိမိထွန်း ဖုန်း–၂၉၇၇၃၅၊ ၇၀၅၉၃၉၊ ဒေါ်ရင်ရင်ရွှေ ဖုန်း–၂၄၉၆၅၁၊ ၂၈၂၅၂၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**



နှင်းဝေနေဝင်းစာပေ အမှတ်၂၇ ဗိုလ်မိုးလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်သည့် နှင်းဝေငြိမ်း၏ ပြဋ္ဌာန်းမထားသော အချစ်နှင့် ပဋိညာဉ်မလိုသော မျက်ရည် စာအုပ်မျက်နှာဖုံး။ (က–ပ)

လှိုင်မြို့နယ်၌စာပေဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၂

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ လှိုင်မြို့နယ် ဒေါ်ခင်မေ စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀နာရီက အထက(၁)ခန်းမ၌ ကျင်းပရာ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်(မြင့်သူရ)နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေတို့က အမှာစကား ပြောကြားကြပြီး အထက်တန်း စာစီစာကုံးပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ငါးဆု၊ အလယ်တန်း စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ငါးဆု၊ တစ်မြို့နယ်လုံး မြန်မာစာ အမှတ်အများဆုံးဆု စုစုပေါင်း ဆုရသူ ၁၇ ဦးတို့အား အုတ်ကျင်းဘူတာရုံလမ်းနေ အလှူရှင် ဒေါ်ခင်မေနှင့် မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင်ဒေါ်ခင်မေက ၂၀၀၄ ခုနှစ်တွင် စာပေပြိုင်ပွဲများ ဆက်လက်ပြုလုပ်၍ ဆုများချီးမြှင့်နိုင်ရန်အတွက် ငွေကျပ် တစ်သိန်းကို မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌသို့ ပေးအပ်ကြောင်း သိရသည်။ **(က–ပ)**

ပြည်နယ်နှင့်တိုင်းပြိုင်ပွဲဝင်မည့် ရန်ကုန်တိုင်းအသင်း မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းနှင့် ခြေစမ်း

ရန်ကုန် ဇန်နဝါရီ ၁၂

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမရန်ကုန်တိုင်းလက်ရွေးစင်ဘောလုံးအသင်းနှင့် ရန်ကုန်တိုင်းမှမွေးထုတ်ပေးလိုက်သော ဘောလုံးသမားများပါဝင်သည့် မြန်မာ့လက်ရွေးစင်ဟောင်းများ ဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို ယမန်နေ့ညနေ ၃ နာရီခွဲက တောင်ဥက္ကလာပမြို့နယ် တိုင်းအားကစားကွင်း၌ကျင်းပရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

တစ်ခေတ်တစ်ခါက ရန်ကုန်တိုင်းအသင်း၌ ကိုယ်စားပြုကစားခဲ့ပြီး မြန်မာ့လက်ရွေးစင်ဖြစ်ခဲ့ကြသူများက မျိုးဆက်သစ်ရန်ကုန်တိုင်းလက်ရွေးစင်များ အတွေ့အကြုံရရှိရေးအတွက် ခြေသွေးပေးသည့်ပွဲဖြစ်ရာ ပရိသတ်များတစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ရန်ကုန်တိုင်းအသင်းက အဖွင့်ဂိုးရရှိခဲ့ရာ ၁၃မိနစ်အကြာတွင် မြတ်ကိုကိုက သွင်းယူသည်။ လက်ရွေးစင်ဟောင်းအသင်းအတွက် ချေပဂိုးကို ၁၈မိနစ်တွင် ရရှိသော ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တင်မြင့်အောင်ကကန်သွင်းယူသည်။ မိနစ်၂၀တွင် ရန်ကုန်တိုင်းအသင်းအတွက် အောင်မျိုးသန့်က ဒုတိယဂိုးသွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းအတွက် ဒုတိယချေပဂိုးကို မိနစ် ၈၀တွင် သန်းတိုးအောင်က ဂိုးနှင့် ကိုက်၂၀ခန့်အကွာမှ တိုက်ရိုက်ကန်သွင်းယူသည်။ လက်ရွေးစင်ဟောင်းသန်းတိုးအောင်၏ ငယ်မူငယ်သွေးပြပြီးသွင်းယူခဲ့သောဂိုးဖြစ်ရာ ပရိသတ်များ လက်ခုပ်တီး၍ဂုဏ်ပြုခဲ့ကြသည်။

သူတို့ပါဝင်

မြန်မာ့လက်ရွေးစင်ဟောင်းများ(ရန်ကုန်တိုင်း)အသင်းတွင် အောင်ကျော်ကျော် (ဂိုး)၊ အောင်အောင်ဦး(ဂိုး)၊ တင်မြင့်အောင်၊ မင်းမင်းအောင်၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ စိုးနိုင်၊ ကျော်မင်း၊ လွင်ဦး၊ အောင်ကျော်မြင့်၊ မြင့်ကို၊ ဌေးလွင်၊ အေးနိုင်၊ တင်မောင်ထွန်း၊ ထွန်းထွန်းထက်၊ ဇင်မင်းဦး၊ ထွန်းမြင့်လွင်၊ စိုးဝင်း၊ ထွန်းကျော်နှင့် အောင်နိုင်တို့ ပါဝင်ကစားခဲ့ကြသည်။ **(မြန်မာ့အလင်း)**

ချိန်ခါမဟုတ်မိုး

ရန်ကုန် ဇန်နဝါရီ ၁၂

ယနေ့မွန်းလွဲ မြန်မာစံတော်ချိန် ၁၂:၃၀နာရီ အချိန်တိုင်းထွာချက်များအရ ယနေ့ မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း (အထက်ပိုင်း)၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း (တောင်ပိုင်း) နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ ကျိုင်းတုံနှင့်တာချီလိတ်၌ကျင်းပမည်



ရန်ကုန် ဇန်နဝါရီ ၁၂

နိုင်ငံတော်က ချမှတ်ထားသော စီးပွားကူးသန်းရှေ့သို့လှမ်း ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍ ရပ်များ ရှေ့သို့တက်လှမ်းနိုင်စေရန် ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်း အရည်အသွေး မြင့်မားစေရန်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)၏ ခွင့်ပြုလမ်းညွှန်မှု၊ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အခြားဒေသခံ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ ကို ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ တာချီလိတ်မြို့တွင် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၄ရက်အထိ လည်းကောင်း Media Essential က စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပါဝင်ပြသမည်

အဆိုပါ ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၄ တွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန် အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုးနှင့် ပြည်တွင်းဖြစ် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ ကျောင်းသုံး၊ ရုံးသုံးဗလာစာအုပ်အမျိုးမျိုးနှင့် စာရေးကိရိယာများ၊ အဝတ်အထည်များနှင့်ဖက်ရှင်အသုံး အဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ပန်းချီကားများ၊ မြန်မာမှု ပရိဘောဂများ၊ လက်မှုပစ္စည်းများ အစရှိသည်တို့ကို ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ– ၂၀၀၄ တွင် အဆင့်မြင့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြော်ငြာသရုပ်ပြတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု လေ့လာဝယ်ယူနိုင်မည်ဖြစ်ပြီး ပါဝင်ပြသလိုသော ပြည်တွင်းပြည်ပ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးအား စနစ်တကျ စီစဉ်ပေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Media Essential ဖုန်း–၀၁–၅၉၃၁၉၉ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။(က–ပ)

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

“ရတနာလျှမ်း” စိန်ရွှေရတနာမျိုးစုံရောင်းဝယ်ရေးနှင့် ရွှေပန်းထိမ်လုပ်ငန်းပိုင်ရှင် ဒေါ်တင်တင်ဝေအား ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ သီရိသုဓမ္မသင်္ဂဂီ ဆုချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံအကျိုး၊ လူမှုအကျိုးများ ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မန္တလေးမှ သူငယ်ချင်းမိတ်ဆွေများ။

မွေးနေ့ဆုမွန်

ချစ်သားလေး ဗိုလ်လောင်းသီဟန်ထွန်း (တတိယနှစ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ မင်္ဂလာဒုံ) ၁၃–၁–၂၀၀၄ ရက်တွင် ကျရောက်သော (၂၀)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်များစွာတိုင် ကျန်းမာရွှင်လန်း၍ ထူးချွန်ထက်မြက်သော သားရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်–

ဖေဖေ	–	**ဦးသန်းဝင်း(ခေတ္တ–စင်ကာပူ)**
မေမေ	–	**ဒေါ်တင်တင်အုန်း(ခ)ဒေါ်ဂျူလတ်**
ချစ်မမကြီး	–	**သန်းသန်းခိုင်(ခေတ္တ–ဂျပန်)**
ချစ်မမလေး	–	**အေးအေးမူ**(Final Year, Y.T.U Civil)

အငယ်တန်းသတင်းထောက်များ အလိုရှိသည်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် (လစာ နှုန်းကျပ် ၅၄၀၀–၁၀၀–၅၉၀၀)နေရာလေးနေရာ လစ်လပ်လျက်ရှိပါသည်။

အောက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။

၂။ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ (သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းများအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။)

၃။ နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ (အမျိုးသားများသာလျှောက်ထားသင့်ပါသည်)

၄။ အင်္ဂလိပ်စာအခြေခံရှိပြီး အင်္ဂလိပ်စာကို အထူးဝါသနာပါသူဖြစ်ရမည်။

၅။ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူတင်ပြရမည်။

၆။ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူတင်ပြရမည်။

၇။ သက်ဆိုင်ရာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။

၈။ လျှောက်လွှာများကို ၃၀–၁–၂၀၀၄(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၊ အမှတ်(၂၁၂)သိမ်ဖြူလမ်း သတင်းဌာန မန်နေဂျာထံ ပေးပို့ကြရမည်။

အရည်အချင်းစစ်ဆေးရေးအဖွဲ့
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း။

ကိုယ်ကာယအလှနှင့် ကျန်းမာရေးသင်တန်းခွဲဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

မောင်ဗမာစိန်မောင်၏ သင်တန်းခွဲအမှတ်စဉ်(၃) ၂၅၂ ရွှေဘုံသာ(အလယ်)လမ်း ပထမထပ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ ကာယအလှမယ်များကို သင်ကြားပြသပေးသည့် နည်းစနစ်များနှင့် အနုပညာနယ်ပယ်မှ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များကို လေ့ကျင့်ပေးသည့် နည်းစနစ်များအတိုင်း အမျိုးသမီးကိုယ်ကာယအလှနှင့် ကျန်းမာရေးသင်တန်းကို နည်းပြသင်တန်းနှင့်အတူ ပူးတွဲ၍ဖွင့်လှစ်ထားသည်။တောင်ဥက္ကလာ ၆ ရပ်ကွက်တွင်အားကစားရုံအမှတ်(၁)နှင့် ဗဟန်းမြို့နယ် ရွှေဂုံတိုင် အောင်ချမ်းသာအိမ်ရာ အမှတ် ၁၀၃ တိုက် ၂တွင် သင်တန်းအမှတ်စဉ်(၂)ကို ဖွင့်လှစ်ထားသည်။ အသေးစိတ် သိလိုပါက ဖုန်း–၀၉– ၅၀၀–၁၈၄၀ နှင့် ၂၄၆၄၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

အင်္ဂလိပ်နှင့်ဂျပန်ဘာသာစကား သင်တန်းများလစဉ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၂

Learners English & Japanese Training Centre မှ အင်္ဂလိပ်ဘာသာနှင့် ဂျပန်ဘာသာစကား ကျွမ်းကျင်လိုသူများအတွက် ပုံမှန်တန်းခွဲများကို လစဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံခြားဘာသာတက္ကသိုလ်မှ နှစ်စဉ်ကြီးမှူးကျင်းပ စစ်ဆေးသော ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ(JLPT Level 1,2,3,4)အတွက် တန်းခွဲများနှင့် ယခုနှစ်တွင် စတင်စစ်ဆေးမည့် EJU(Entrance for Japanese University)စာမေးပွဲအတွက် တန်းခွဲသစ်များကို ဇန်နဝါရီ ၁၅ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း(အလယ်) အမှတ် ၂၁၈ သို့ဖြစ်စေ၊ ဖုန်း–၃၇၀၁၅၅၊ ၃၇၀၂၄၈ နှင့် ၂၅၆၇၄၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။(က–ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၂

ဦးကြည်စိုးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇန်နဝါရီ၃ရက် ညနေ၃နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ ၁၅၄ကိုက်အကွာမှ Nike ဘောလုံးကို Honma No.(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးတိုးအောင်ဌေး၊ ဦးစိုးသိန်းနှင့် ဦးမြတ်ကိုတို့ အတူကစားခဲ့ကြောင်း သိရသည်။ (က–ပ)

လွှတ်လပ်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ ဇန်နဝါရီ ၆

၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲအခမ်းအနားကို ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှေ့၌ ဇန်နဝါရီ ၄ ရက်ကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကို၊ စာရေးဆရာ မုံရွာ ကျောက်ခဲနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးတို့ကလွတ်လပ်ရေးနေ့အကြောင်း သိကောင်းဆရာများကို ဟောပြောကြပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် အဖြစ်ထုတ်ဝေသည့် ရွှေဖီဦးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

(ခရိုင် ပြန်/ဆက်)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်နံနက်က တွံတေးမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့် ဖတ်ကြားစဉ်။ (၃၈၀)

အထက(၁) ကလော ပညာရေးစုံညီပွဲတော်ကျင်းပ

ကလော ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန် ဆုနှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက တေဇခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်မြိုင်က ကျောင်း၏ပညာရေး အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးစုံညီပွဲတော်နေ့ အထိမ်းအမှတ် ပြိုင်ပွဲများမှ ထူးချွန်ဆုရသူများနှင့် ပညာရည်ချွန်ဆုရသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။ **(၄၀၈)**

နွေစပါးအကောင်အထည်ဖော်စိုက်ပျိုးမှု ခရိုင်အတွင်းရေးမှူး ကြည့်ရှုစစ်ဆေး

ကျိုက်လတ် ဇန်နဝါရီ ၆

ကျိုက်လတ်မြို့နယ်တွင် ၂၀၀၃-၂၀၀၄ ခုနှစ် စီမံကိန်းကာလ နွေစပါး ၂၅၃၂၉ ဧကအား ကျိုက်လတ်မြို့နယ် (၈၉) အုပ်စု၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သမက်ပြေကျေးရွာအုပ်စု ၁၂၉၆ဧက၊ အုန်းပင်စုကျေးရွာအုပ်စု ၁၅၈၄ ဧက၊ ဒေါပုံကျေးရွာအုပ်စု ဧက ၉၆၀၊ ကျုံလမု ကျေးရွာအုပ်စု ၁၀၇၇ဧက၊ ကွန်ပလိုင်းကျေးရွာအုပ်စု ၁၃၆၆ဧက အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်စိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

စီမံကိန်းအကောင်အထည်ဖော် ကျေးရွာများသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးတင်ဌေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်၊ မြို့နယ်စိုက်တိုးမြင့်အဖွဲ့များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့နယ် သာယာကုန်းစံပြကျေးရွာ၌ ပညာပဒေသာစာကြည့်တိုက်ဖွင့်

ပဲခူး ဇန်နဝါရီ ၈

ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ပညာပဒေသာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က သာယာကုန်းစံပြကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးခင်မောင်ဦး၊ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းနှင့် ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်က စာကြည့်တိုက်ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့သည်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိပုဂ္ဂိုလ်များက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ယာပုံ)**

သာယာကုန်း စံပြကျေးရွာ ပညာပဒေသာစာကြည့်တိုက်တွင် မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်းဝတ္ထုနှင့် ကျမ်းစာအုပ် အပါအဝင် စာအုပ်ပေါင်း ၂၃၀၀ စုဆောင်းထားရှိပြီးဖြစ်သည်။ **(၁၇၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပန်းတနော်မြို့ ဦးအောင်ဇေယျလမ်းနှင့် ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းနှင့် ပန်းတနော်-ဒေါင့်ကြီး-တောကျောင်း ဂုံမင်းလမ်းပေါ်ရှိ ညောင်နှစ်ပင်ချောင်း ကူးတံတား ဆောက်လုပ်မှုကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။ (၃၂၇)

မျိုးဆက်ပွားကျန်းမာရေးဆရာဖြစ်သင်တန်းဖွင့်

ဒေးဒရဲ ဇန်နဝါရီ ၅

ဒေးဒရဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် မျိုးဆက်ပွားကျန်းမာရေးဆရာဖြစ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ **(အောက်ပုံ)** မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်စိန်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အေးတို့က လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် သင်တန်းကြီးကြပ်ရေးခေါင်းဆောင် ဒေါ်ခင်မိုးနွယ်နှင့် ဆရာ ဆရာမ ၁၅ဦးတို့က သင်ကြားပို့ချကြမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၁၄-၁-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (Silver Beach Hotel)
၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၁:၄၀ သုခ၏ရတနာသုတ်ဆွေးနွေးခန်း (အပိုင်း-၂၆)
၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)
၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (အရည်အချင်းဆိုသည်မှာ) (ဒေါက်တာသန်းမြင့်-ညောင်လေးပင်)
၁၂:၃၅ ခရီးသွားစကားဝိုင်း (ဆလုံဒေသခရီးသွားပွဲတော်)
၁၃:၀၀ ယဉ်ကျေးမှုအနုပညာ (အမျိုးသမီးများ၏ လွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုများ-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇:၃၀ အစာနှင့်အာဟာရ (မြိတ်ကတ်ကြေးကိုက်)
၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (ဆို၊ က၊ ရေး၊ တီးဆုရ အစီအစဉ်-ရန်ကုန်တိုင်းမှ မောင်စိန်သွင်၏ စောင်းလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ရွက်ကြွေတောကတရားသံ-အရှင်ပဏ္ဍိတ(မေဒါရီတောရ) (၂)နည်းသစ်အင်္ဂလိပ်သဒ္ဒါ လေ့ကျင့်ခန်းများအဖြေလွှာ (ဦးသောင်းလွင်-ဘီအေ၊ ဓမ္မာစရိယဝင့်သကာ)
၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး ချိုကြည်သာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ဖြူသီနှင့် ရာဇာဝင်းတင့်တို့၏ (ကြင်စဦးတေးစီးရီး)

အေးမြချမ်းသာဆရာတော်ဝိဇာတစမ္မသဘင် အထူးတရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ၇ရပ်ကွက် ကျန်စစ်သားလမ်းမကြီးနှင့် တောင်ငူလမ်း မှတ်တိုင်အနီးရှိ အေးမြချမ်းသာမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တသီရိဓမ္မ (ဘီအေ–ပါဠိဂုဏ်ထူး)၏ ဝိဇာတဓမ္မသဘင် အထူးတရားစခန်းဖွင့်မည်ဖြစ်ရာ တပို့တွဲလဆန်း ၃ရက်မှ လပြည့်နေ့ထိ ညတရားပွဲများကို ပြည်တွင်းပြည်ပအကျော် ဓမ္မကထိကဆရာတော်များက ဟောကြား၍ တပို့တွဲလဆန်း ၆ရက်မှ လပြည့်နေ့အထိ စရိတ်ငြိမ်း ၁၀ရက် အထူးတရားစခန်းဖွင့်မည်။ ယောဂီ ၆၀လက်ခံမည်ဖြစ်၍ ဒုလ္လဘရဟန်း ပရိက္ခရာ၊ သီလရှင်ဝတ်စုံ၊ ယောဂီဝတ်စုံများ လှူဒါန်းမည် ဖြစ်သည်။ တပို့တွဲလပြည့်နေ့တွင် ကိုးကြိမ်မြောက် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲ၊ တည်ဆောက်နေဆဲ လေးထပ်သိမ်မွှာရုံကြီးလှူဒါန်းပွဲများ ပြုလုပ်မည်။ ယောဂီများကြိုတင် စာရင်းသွင်းနိုင်ရန်နှင့် အလှူရှင်များ ရိပ်သာဖုန်း–၅၈၁၀၄၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဒီဇင်ဘာ ၃၁ရက်က လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်တွင်းရှိ ရဟန်း၊ သာမဏေများအား သာသနာဝင်စိစစ်ရေးကတ် ပြား များ ကို မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဇောတထံ မြို့နယ် သာသနာရေးဦးစီးမှူး ဦးဌေးလင်းက ဆက်ကပ်စဉ်။ (က–ပ)

သန်လျင်မြို့နယ် မြို့ဟောင်းအလယ် အခြေခံပညာအလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမ တန်းမှ သတ္တမတန်းအထိ ခုနစ်နှစ် ဆက်တိုက် ပညာရည်ထူးချွန်ဆုရ မောင်ထွဋ်ပိုင်သွင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ထားဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ဖြစ်ရပ်မှန်မဂ္ဂဇင်း ဖေဖော်ဝါရီလထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

ပင်လယ်ရိုင်းနှင့်မုန်တိုင်းကြားမှ မရဏနတ်ဆိုးနှင့် ရင်ဆိုင်တိုးခဲ့ရသော တံငါသည်တစ်စုရဲ့ ချောက်ချားစရာဖြစ်ရပ်၊ တောတောင်၏မာယာနှင့် ပဋ္ဌလက်ဆန်သည့်ကိစ္စများ ရောပြွမ်းနေသော ရိုးမပေါ်က တောင်ပိုင်ဘိုးဘိုးကြီးနတ်စင်အကြောင်းစသည့် ဖေဖော်ဝါရီလထုတ် နီလေးမောင်ဖြစ်ရပ်မှန်မဂ္ဂဇင်းကို မှူခင်းစာပေ ၁၈၇(ပထပ်) ၃၄လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း–၂၈၄၁၈၇က ဖြန့်ချိထားသည်။ **(ဝဲပုံ) (က–ပ)**

ခရမ်းမြို့တွင်းလမ်းများ ပြင်ဆင်ဆောင်ရွက်

ခရမ်း ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အသစ်တည်ဆောက် အဟောင်းပြုပြင်မြို့နယ်စည်ပင်ဟူသော ဆောင်ပုဒ်နှင့်အညီ မြို့ပြနှင့်ကျေးလက်ဒေသများ၏ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကိုစဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ရက်က (၁)လမ်းပြင်ဆင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ပဲခူးမြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အနေ့းယာဉ်များအား ၂၀၀၄–၂၀၀၅ ခုနှစ် လိုင်စင်သက်တမ်းတိုးပေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ရက်မှ စ၍ ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

လားရှိုး၊ မူဆယ်၊ မော်လမြိုင်မြို့၌ ကုန်စည်ပြပွဲများကျင်းပမည်



ရန်ကုန် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ခွင့်ပြုချက်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ကူညီမှု၊ အထက် မြန်မာပြည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြသေ့ သမဝါယမအသင်း လီမိတက်က ကုန်စည်ပြပွဲနှင့်ဈေးရောင်း ပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၅ ရက်ထိ လားရှိုးမြို့ ယုံဟော်ကွင်း၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ မူဆယ်မြို့ မြို့နယ်အားကစားကွင်း၌ လည်းကောင်း၊ မေ ၅ရက်မှ ၉ရက်အထိ မော်လမြိုင်မြို့ မြိုင်ရတနာ လေးထပ်ဈေးတွင် လည်းကောင်း ရန်ကုန်တိုင်း ရွှေခြသေ့သမဝါယမအသင်းလီမိတက်က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရောင်းချမည်

အဆိုပါ ဈေးရောင်းပွဲတော်၌ စားသောက်ကုန်များ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း အမျိုးမျိုး၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ နိုင်ငံခြား စံချိန်မီ ဖိနပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဖျော်ဖြေမည်

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေး အစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည် ဖြစ်သည်။

ဆက်သွယ်ဆောင်ရွက်နိုင်

ပါဝင်ရောင်းချလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သမဝါယမအသင်းများနှင့် စက်မှုအသင်းများသည် ရန်ကုန်တိုင်း ရွှေခြသေ့ သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ်မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀(လိုင်းခွဲ)၃၉၄၊ ၄၀၈၊ ဖုန်း– ၂၄၀၆၀၀ (လိုင်းခွဲ)၄၃၂၊ ရုံးချိန်ပြင်ပဖုန်း–၆၃၅၂၆၄တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

လပွတ္တာမြို့တည်(၈၅)နှစ်ပြည့်အထိမ်းအမှတ် မြို့အဝင်မုခ်ဦးဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

လပွတ္တာ ဇန်နဝါရီ ၈

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့တည်(၈၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြို့အဝင်မုခ်ဦးဆိုင်းဘုတ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်တွင် လပွတ္တာမြို့ သဘော်ဆိပ်၌ ကျင်းပရာ မြောင်းမြခရိုင်နှင့် လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြပြီး မြို့အဝင်မုခ်ဦးဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် လပွတ္တာမြို့ အမှတ်(၄)ရပ်ကွက် နွယ်နီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

